# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၀)ရက် ၊ တနင်္ဂနွေနေ့ ၊ (3-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများ စစ်ဆေး၊ တပ်နယ်မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)– ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၄၂၅၉၉၅၄

ရတနာပုံ
၂၀၂၅ ခုနှစ် သြဂုတ် ၃ ရက်

**အယ်ဒီတာ့အာဘော်**

# ကာယဉာဏစွမ်းရည်ပြည့်နိုင်ငံသားကောင်းများ ပေါ်ထွန်းရန်အခြေခံ

နိုင်ငံတော်တွင် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူချွန်လူကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် အခြေခံကျပြီး အရေးပါသည့်လုပ်ငန်းတစ်ရပ်မှာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။ အာဟာရပြည့်ဝဖွံ့ဖြိုးရေးလုပ်ငန်းများသည် လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စုကစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်သူများအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုသိရှိပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နှစ်စဉ်သြဂုတ်လရောက်တိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ချမှတ်ဆောင်ရွက်လေ့ရှိသည်။ သြဂုတ်လ ပထမပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ထားသည်။ ထိုရက်သတ္တပတ်လှုပ်ရှားမှုများကို ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများ လှုပ်ရှားမှုများကို စည်ကားသိုက်ဝန်းစွာ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွင်း အာဟာရပြည့်ဝကျန်းမာအောင် စီမံစားသုံးတတ်စေသည့် အသိပညာ၊ အမူအကျင့်ကောင်းများ ပိုမိုကျယ်ပြန့်ထိရောက်စွာ ရရှိလာစေမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေမည်ဖြစ်ပါသည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအနက် ယခုသြဂုတ်လ ပထမသီတင်းပတ်သည် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဖြစ်ရာ ရင်သွေးငယ်များအတွက်သာမက မိခင်နို့တိုက်ကျွေးသော မိခင်တိုင်းအတွက် ကျန်းမာရေးအကျိုးကျေးဇူး အလွန်မြင့်မားလှသည်။ ရင်သွေးငယ်မွေးဖွားပြီး ပထမခြောက်လထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းသည် မိမိရင်သွေးငယ်အတွက် မရှိမဖြစ်လိုအပ်သော အစာအာဟာရများဖြည့်တင်းပေးသည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းသည် မိခင်အတွက်လည်း ကယ်လိုရီလောင်ကျွမ်းကာ ကိုယ်အလေးချိန်အကျမြန်ပြီး ရင်သားကင်ဆာ၊ သားဥအိမ်ကင်ဆာ၊ အရိုးပွရောဂါဖြစ်ပွားမှု လျော့ပါးသွားမည့် အကျိုးကျေးဇူးများ ရရှိစေသည်။ ထို့ပြင် မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိမိ၏ရင်သွေးကလေးနှင့် ချစ်ခြင်းမေတ္တာတရားများ ပိုမိုခိုင်မြဲစွာ ပေါင်းကူးယှက်နွယ်မှုဖြစ်စေခြင်း၊ ရင်သွေးငယ်လေး၏ ကိုယ်ခန္ဓာရောဂါဘယကင်းရှင်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပြင် မိဘနှင့်သားသမီးကြား သံယောဇဉ်တရား၊ မေတ္တာတရားများ ခိုင်မာအားကောင်းလာမည်လည်း ဖြစ်ပါသည်။

နိုင်ငံတော်၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများတွင် စိတ်ဝင်တစားပူးပေါင်းပါဝင်ကြခြင်းဖြင့် မိမိတို့၏ရင်သွေးငယ်များမှအစပြု၍ ကလေးငယ်များကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သူများအဖြစ် ကြီးပြင်းလာကြမည်ဖြစ်ပါသည်။ ငယ်စဉ်ကတည်းက အာဟာရပြည့်ဝစွာ စနစ်တကျကျွေးမွေးပြုစုထားသည့် ကလေးငယ်သည် ကျောင်းနေစဉ်တွင်လည်း ပညာထူးချွန်သကဲ့သို့ အရွယ်ရောက်လာပါကလည်း ကျန်းမာကြံ့ခိုင်ပြီး ကာယဉာဏစွမ်းရည်ပြည့်ဝသော တန်ဖိုးမြင့်နိုင်ငံသားကောင်းရတနာများအဖြစ် မိသားစုအတွက်သာမက နိုင်ငံတော်အတွက်၊ လူ့ဘောင်လောကတစ်ခုလုံးအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကာယ၊ ဉာဏစွမ်းရည်ပြည့်စုံသော နိုင်ငံသားကောင်းများ ပေါ်ထွက်စေရန်အတွက် အခြေခံကျပြီးအရေးပါသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ခိုင်မာအားကောင်းစေရေး နိုင်ငံတော်အစိုးရနှင့်အတူ မိဘပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၉၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခန္တီး သြဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၉၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၉၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ စပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ တမန်းနှိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် မဒင်း(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း သြဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဒင်း(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၄ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မဒင်း(န)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၆၂ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ငါးခူပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး သြဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ငါးခူ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇွန်လအတွင်း လယ်ငါးခူ ပိဿာချိန် ၄၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ အတွင်း လယ်ငါးခူ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း၊ အဆိုပါ လယ်ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဇူလိုင်လအတွင်း လယ်ငါးခူ ပိဿာချိန် တော်တော်များများ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှု အပေါ်မူတည်ပြီး ဒီဘက်ကနေ တင်ပို့ရောင်းချနေပါတယ်။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများ တဲ့ ငါးအမျိုးအစားထဲမှာပါတယ်။ အသားပေါတဲ့အတွက် ဝယ်ယူ စားသုံးသူတွေကလဲ ကြိုက်တာပါ။ လက်ရှိလဲ ဝယ်ယူတာကောင်းနေ ပါတယ်။ လက်ရှိ တစ်ပိဿာချင်း ဈေးအနေနဲ့ ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒီဘက် ကနေ ရန်ကုန်ဈေးကွက်ကို အခြား ရေထွက်ကုန်တွေလဲ တင်ပို့ရောင်း ချနေပါတယ်။ ရန်ကုန်ဈေးကွက် က တင်ပို့ရောင်းချရတာ ဈေးလဲ ရသလို တင်ပို့ရတဲ့လမ်းကြောင်း လဲ အဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသ ထွက် လယ်ငါးခူများကို ဒေသ ဈေးကွက်အပြင် ရန်ကုန်ဈေးကွက် သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါလယ်ငါးခူများ ဝယ်ယူမှု ကောင်းလာသည့်အတွက် ရေ ထွက်ကုန်ပွဲရုံပိုင်ရှင်များ၊ ကုန် သည်များ၊ ရေလုပ်သားများ၊ ကုန် တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေး

**သာစည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲတပ်ဆုံကျေးရွာအုပ်စု ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆူးပုတ်ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၃၄ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ကျွဲဆည်ကန်ရပ် ဦးထွန်းထွန်းဝင်း-ဒေါ်ခိုင်ဇင်မျိုး "ရွှေမြို့တော်"အဆင့်မြင့်ဧည့်ရိပ်မွန် မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ရွှေဘို ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၀၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးများကို ယခုနှစ် မေလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၉ ဒသမ ၆၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါး ၆၉၀၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းကိုင်မြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းကိုင် ဩဂုတ် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုတ်တောင်းကျေးရွာအုပ်စု နမ့်လင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက နမ့်လင်းကျေးရွာ၊ ဟွေထွေကျေးရွာနှင့် ဖာလန်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာသုံးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို အဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၈၇၇၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၈၇၇၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံလျာထား ၁၄၄၃၀၉ ဧကကို ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ သီးနှံစုံ ၈၇၇၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးစီးပြီဖြစ်သော သီးနှံစုံ ၈၇၇၁ ကေတွင် ကြံ ၈၇ ဧက၊ ပိန်း ၁၂၅ ဧက၊ ဟင်းသီးဟင်းရွက်စုံ ဧက ၁၀၉၀၊ စပါး ၇၄၆၉ ဧကဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ မိုးသီးနှံစိုက်ရာသီ မြို့နယ်တစ်ခုလုံးအနေနဲ့သီးနှံစုံ ၁၄၄၃၀၉ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ၈၇၇၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ မိုးသီးနှံတွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့အသီးအနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

သီးနှံစုံကို တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆင်ခြင်တုံတရားနှင့်စီးပွားအောင်မြင်ရေး

မျိုးသူ(ကုန်သွယ်မြှင့်)

ဆင်ခြင်တုံတရားက အရေးကြီးသည်မှာ အမှန်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးတွင်လည်း ဆင်ခြင်တုံတရားကို လက်ကိုင်ထားနိုင်မှသာ အောင်မြင်နိုင်မည်။ ဆင်ခြင်တုံတရားရှိရမည်ဟု လူတိုင်းနားလည်ပါသည်။ ဤနေရာတွင် ဆင်ခြင်တုံတရားသည် ဆုံးဖြတ်ချက်ကို မှန်ကန်စွာချမှတ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ဆင်ခြင်တုံတရားလိုအပ်သည်။ မည်သည့်အတွက်နည်း။ ဆုံးဖြတ်ချက်မှန်ကန်စွာချနိုင်ရန်အတွက် ဆင်ခြင်တုံတရားလိုအပ်ခြင်းဖြစ်သည်။ ဆင်ခြင်တုံတရားဆိုသည်မှာ အချက်အလက် ကိန်းဂဏန်းများကို စဉ်းစားသုံးသပ်ရမည့်အချက်အလက်ဟု သတ်မှတ်ပြီး စဉ်းစားဆုံးဖြတ်ခြင်းပင်ဖြစ်သည်။ ဆင်ခြင်တုံတရားရှိရေးအတွက် ဆင်ခြင်သုံးသပ်ပြီး မှန်ကန်စွာဆုံးဖြတ်ခြင်းဟူသော အကျိုးတရားရရှိစေရန်အတွက် စိတ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းဟူသော အကြောင်းတရားတစ်ခုလည်း လိုအပ်သည်။ စိတ်အခြေအနေတည်ငြိမ်အေးချမ်းရေးသည်လည်း အခြေခံလိုအပ်ချက်ဖြစ်သည်။ စိတ်ဆိုးဒေါသထွက်ခြင်း၊ လောဘလွန်လွန်ကဲကဲဖြစ်လာခြင်း၊ နေမကောင်းခြင်း၊ စိတ်ခံတက်ကျဆင်းခြင်း စသည့်စိတ်ပိုင်းဆိုင်ရာပြည့်ဝခြင်းမျိုးမရှိလျှင် မှန်ကန်စွာဆုံးဖြတ်နိုင်မည်မဟုတ်ပါ။

**စိတ်ဖိစီးမှုများကို စီမံခန့်ခွဲခြင်း**

လုပ်ငန်းလုပ်ကိုင်သူတိုင်းလိုလိုတွင် စိတ်ဖိစီးမှုများကို အနည်းနှင့်အများခံစားကြရသည်။ လုပ်ငန်းများ အချိန်မီပြီးစီးရန်ဆောင်ရွက်ရခြင်း၊ လုပ်ငန်းပမာဏများပြားခြင်း၊ လုပ်ငန်းခွင်အတွင်း အမျိုးမျိုးသောဖြေရှင်းစရာ အနည်းနှင့်အများကြုံတွေ့ရခြင်း စသည်တို့ကြောင့် စိတ်ဖိစီးပြီး စိတ်ခံတက်ကျဆင်းမှုများပါဖြစ်လာတတ်သည်။ စိုးရိမ်ပူပန်စိတ်များလည်း တိုးပွားလာတတ်သည်။ ထိုကဲ့သို့ ကိုယ်တိုင်ကြုံတွေ့ရသော စိတ်ဖိစီးမှုများကို စီမံခန့်ခွဲနိုင်ရန်လိုအပ်သကဲ့သို့ ဝန်ထမ်းများ၏ စိတ်ဖိစီးမှုများကိုလည်းလျော့ပါးအောင် စီမံခန့်ခွဲပေးနိုင်ရန်လိုအပ်သည်။ လုပ်ငန်းခွင်အတွင်း အပန်းဖြေနိုင်သည့်နေရာများဖန်တီးပေးခြင်း၊ စားသောက်ဆိုင်ငယ်များထားရှိခြင်း၊ ကိုယ်လက်လှုပ်ရှားနိုင်သည့်နေရာများထားရှိပေးခြင်း၊ ဒါဘာကဲ့သို့ ဆန္ဒဖော်ထုတ်သည့်အချိန်များ ပြုလုပ်ပေးခြင်း၊ ဝန်ထမ်းက စိတ်ခံစားချက်များသော်လည်းကောင်း၊ လုပ်ငန်းအခက်အခဲများသော်လည်းကောင်း တင်ပြသည်များကိုသေချာစွာနားထောင်ပေးပြီး ဖြေရှင်းပေးခြင်းတို့ကို ပြုလုပ်ပေးသင့်သည်။ ထို့ပြင် ဝန်ထမ်း၊ လုပ်သားများနှင့် ရင်းရင်းနှီးနှီးနေထိုင် ပြောဆိုခြင်းဖြင့် သူတို့၏ မိသားစုကိစ္စများ၊ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်သည်။ လုပ်ငန်းခွင်အတွင်း လုပ်ပိုင်ခွင့်များပေးခြင်း၊ ကိုယ်တိုင်ဆုံးဖြတ်ခွင့်များ အထိုက်အလျောက်ပေးထားခြင်း၊ အောင်မြင်မှုများကို ချီးကျူးခြင်း၊ အသိအမှတ်ပြုခြင်းတို့ကို ပြုလုပ်ပေးသင့်သည်။

ကိုယ်တိုင်ခံစားနေရသော စိတ်ဖိစီးမှုများကိုမူ စိတ်တည်ငြိမ်အောင် မွေးမြူခြင်း၊ မလိုအပ်ပဲ အချိန်ကုန်ဆုံးရခြင်းမျိုးကို လျှော့ချခြင်း ဥပမာ– meeting time ကို တတ်နိုင်သမျှသတိထားပြီးလျှော့ချခြင်း၊ စိုးရိမ်ပူပန်မှုများကို စကားလုံးများအဖြစ်ပြောင်းလဲပြီး အချိန်ကြာမြင့်စွာ မှာတမ်းများ မခြွေမိစေရန် သတိပြုရမည်။ ထို့ပြင် ထပ်တလဲလဲလုပ်ဆောင်ရသော လုပ်ငန်းများကို အလိုအလျောက်ဆောင်ရွက်ပေးမည့် စနစ်မျိုး ပြောင်းလဲဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးရပါမည်။ အိမ်တွင် မနက် သို့မဟုတ် ညပိုင်းတွင် ၁၀မိနစ်ခန့် တရားမှတ်ပေးခြင်း၊ မိသားစုကို အချိန်ပေး၍ နေခြင်း၊ အထူးသဖြင့် ကလေးများဖြင့် ကစားပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးခြင်းဖြင့် စိတ်ဖိစီးမှုများကို လျှော့ချနိုင်သည်။ ကိုယ်လက်လှုပ်ရှားကစားခြင်း၊ ပန်းပင်သစ်ပင်စိုက်ခြင်းနှင့် စာဖတ်ခြင်း စသည်တို့သည်လည်း စိတ်ဖိစီးမှုလျှော့ချသော နည်းလမ်းများဖြစ်သည်။ ယနေ့ခေတ်တွင် လူတစ်ဦးသည် လုပ်ငန်းခွင်အတွင်းတွင်သာမက လုပ်ငန်းခွင်ပြင်ပတွင်လည်း အလုပ်များက ဒစ်ဂျစ်တယ်နည်းလမ်းများ၊ အင်တာနက်များမှ တစ်ဆင့် ခိုင်းစေခံနေရသကဲ့သို့ ဖြစ်နေတတ်သည်။ ထို့ကြောင့် အလုပ်ချိန်ပြင်ပတွင် အချိန်တစ်ခုပေး၍ အလုပ်များနှင့် ဝေးအောင် ဥပမာအလုပ်နှင့်ဆိုင်သည့် Mail, Viber စသည်တို့ကို ပိတ်ထားသင့်သည်။ ထိုကဲ့သို့ စိတ်ဖိစီးမှုများကို လျှော့ချပေးနိုင်လျှင် လုပ်ငန်းစွမ်းဆောင်ရည်၊ ကုန်ထုတ်စွမ်းအားများ တိုးတက်လာမည်ဖြစ်သည်။

**❖လုပ်ငန်းခွင်အတွင်းတွင် နေ့စဉ်ကြုံတွေ့နေရမည့် ဆုံးဖြတ်ချက်ချမှတ်ရခြင်းမျိုးကို မှန်မှန်ကန်ကန်ဖြေရှင်းနိုင်ရန် လိုအပ်ပါသည်။ ဆုံးဖြတ်ချက်များမှန်ကန်မှသာ လုပ်ငန်းတိုးတက်မည်ဖြစ်၍ မည်မျှသေးငယ်သည့်ကိစ္စမျိုးကိုမဆို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ရန် လိုအပ်သည်။ ထိုသို့ ဆုံးဖြတ်ချက်များချမှတ်ရာတွင် စိတ်ခံစားချက်များဖြင့် ဆုံးဖြတ်ခြင်းမပြုဘဲ ဆင်ခြင်တုံတရားကို လက်ကိုင်ထားပြီး အချက်အလက်များကိုလေ့လာပြီးမှ ဆင်ခြင်သုံးသပ်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်သင့်သည်။ ထို့ကြောင့် ဆင်ခြင်တုံတရားသည် လုပ်ငန်းတိုးတက်ရေးအတွက် အရေးပါလှသည်ကိုတွေ့နိုင်သည်။ ❖**

စိတ်ဖိစီးမှုများကို ကောင်းမွန်စွာ စနစ်တကျ စီမံခန့်ခွဲနိုင်ပါက လုပ်ငန်းတိုးတက်မှုအတွက် အားသာချက်တစ်ခုအဖြစ် ဖန်တီးနိုင်မည်ဖြစ်သည်။

**ဆင်ခြင်တုံတရား**

လုပ်ငန်းခွင်အတွင်းတွင် နေ့စဉ်ကြုံတွေ့နေရမည့် ဆုံးဖြတ်ချက်ချမှတ်ရခြင်းမျိုးကို မှန်မှန်ကန်ကန်ဖြေရှင်းနိုင်ရန် လိုအပ်ပါသည်။ ဆုံးဖြတ်ချက်များမှန်ကန်မှသာ လုပ်ငန်းတိုးတက်မည်ဖြစ်၍ မည်မျှသေးငယ်သည့်ကိစ္စမျိုးကိုမဆို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ရန်လိုအပ်သည်။ ထိုသို့ ဆုံးဖြတ်ချက်များချမှတ်ရာတွင် စိတ်ခံစားချက်များဖြင့် ဆုံးဖြတ်ခြင်းမပြုဘဲ ဆင်ခြင်တုံတရားကို လက်ကိုင်ထားပြီး အချက်အလက်များကို လေ့လာပြီးမှဆင်ခြင်သုံးသပ်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်သင့်သည်။ ထို့ကြောင့် ဆင်ခြင်တုံတရားသည် လုပ်ငန်းတိုးတက်ရေးအတွက် အရေးပါလှသည်ကို တွေ့နိုင်သည်။ အချက်အလက်များကိုလက်ကိုင်ထား၍ ဆုံးဖြတ်ခြင်း Data Driving Decisions ကို လုပ်ရမည်ဆိုရာတွင် အချက်အလက်များမှန်ကန်ရေးသည်လည်း အရေးပါသည်။ ထို့ကြောင့်ပင် စီးပွားရေးလုပ်ငန်းများတွင် ငွေကြေးလဲလှယ်မှုပြောင်းလဲခြင်းများ၊ ငွေဖြစ်လွယ်သည့် ရွှေဈေးနှုန်းများ စသည်တို့သည်လည်း သတင်းအချက်အလက်များဖြစ်ပြီး အဆိုပါ အချက်အလက်များကို ကြိုတင်သိရှိနိုင်သည်နှင့်အမျှ မိမိရောင်းကုန် သို့မဟုတ် ထုတ်ကုန် သို့မဟုတ် ကုန်ကြမ်း စသည်တို့၏ ဈေးနှုန်းများကိုလည်း ကြိုတင်ခန့်မှန်းနိုင်ပြီး သိုလှောင်ထားမည်လား၊ လက်ကျန်မထားမည်လား ဆိုသည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ကုန်လက်ကျန်ကို များများထားရှိမည် ဆိုရာတွင်လည်း ရှိသည့်လက်ကျန်ငွေကြေးဖြင့်သာမထားဘဲ အခိုက်အတန့် ချေးငှားပြီး အများအပြားဝယ်ယူသိုလှောင်သင့်ပါသလားဆိုသည်ကိုပါ စဉ်းစားရမည်ဖြစ်သည်။ ထိုအခိုက်အတန့်တွင် စဉ်းစားတွေးခေါ် ဆုံးဖြတ်ခြင်းကို စိတ်ခံစားချက်ထက် ဆင်ခြင်တုံတရားနှင့်ပါ လုပ်ကိုင်နိုင်ရန် လိုအပ်သည်။ ကုန်ဈေးနှုန်းများ တက်လာသည့်အခါ ဆင်ခြင်တုံတရားဖြင့် ခွဲခြမ်းစိတ်ဖြာ၍မစဉ်းစားပဲ ဈေးနှုန်းများကို လိုက်လံမြှင့်တင်ခြင်းဖြင့် ဖောက်သည်အများအပြားကို ဆုံးရှုံးရမည်ဖြစ်သည်။ ဝယ်ယူသူ အများစုသည် ဈေးနှုန်းထိခိုက်လွယ်သော Price Sensitive ဖြစ်သောသူများဖြစ်တတ်သည်။ ထို့ကြောင့် ရောင်းကုန်တစ်ခုကို ဈေးတင်ရောင်းချရမည်ဆိုပါက သေချာစွာ စဉ်းစားသုံးသပ်ပြီးမှသာ ဈေးတင်သင့်သည်။ တစ်ခါတစ်ရံတွင်လည်း ဈေးမြှင့်သည့်တိုင်အောင် ဝယ်လိုအားမြင့်မားခြင်း၊ ဈေးကွက်အတွင်း လက်ကျန်ကုန်ရှားပါးခြင်းတို့ကြောင့်လည်း ဝယ်ယူသူဖောက်သည်မလျော့ပဲ ရာခိုင်နှုန်းတစ်ခုထိပင် မြင့်တက်လာနိုင်သည်။ ကုန်ပစ္စည်းသစ်တစ်ခုကို ဈေးကွက်တွင် ရောင်းချမည့်ဈေးနှုန်း သတ်မှတ်ရာတွင်လည်း လေ့လာမှု၊ ဆင်ခြင်စဉ်းစားမှုများကို သေချာစွာစနစ်တကျလုပ်ကိုင်နိုင်ရန် အလွန်အရေးကြီးသည်။ လုပ်ငန်းတွင် အခြားအရေးကြီးသော ဆင်ခြင်တုံတရားဖြင့် စဉ်းစားရမည့်အချက်ကြီးတစ်ခုမှာ ရင်းနှီးမြှုပ်နှံခြင်း၊ အရင်းအနှီးတိုးမြှင့်ခြင်း၊ အရင်းအနှီးလျှော့ချခြင်းတို့ဖြစ်ပါသည်။ ကုန်ထုတ်လုပ်ငန်းတစ်ခုတွင် စပ်တူလုပ်ကိုင်မည်ကအစ သေချာစွာတွက်ချက်စဉ်းစားရမည်ဖြစ်သည်။ မည်မျှအတိုင်းအတာအထိ စပ်တူလုပ်မည်လဲကအစ သေချာစဉ်းစားရန် လိုအပ်သည်။ လုပ်ငန်း၏ အနာဂတ်အလားအလာများကိုလည်း သေချာစွာကြိုတင်တွက်ဆနိုင်ရန် လိုအပ်သည်။ လုပ်ငန်း၏ မည်သည့်အပိုင်းတွင် ရင်းနှီးမြှုပ်နှံမည်ကိုလည်း Return of Investment– ROI ကအစ သေချာစွာ စဉ်းစားသုံးသပ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ထုတ်လုပ်မှုအပိုင်းကို ၃၀ ရာခိုင်နှုန်းမျှ တိုးချဲ့ရင်းနှီးမြှုပ်နှံခြင်းပြုလုပ်သော်လည်း ရလဒ်အနေဖြင့် ကုန်ကျစရိတ်ကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ဆိုပါက အရှုံးကိုကောင်းစွာကာကွယ်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ Delivery သမားတစ်ဦးသည် စက်ဘီးဖြင့်ပို့ဆောင်ရာမှ မော်တော်ဆိုင်ကယ်ကိုဝယ်ယူပြီး ပြောင်းလဲရင်းနှီးမြှုပ်နှံခြင်းဖြင့် ပေးပို့မှုတွင် သုံးဆမျှတိုးတက်လာမည်ဆိုပါက အကျိုးအမြတ်ပိုမိုရရှိလာမည်ဖြစ်သည်။

**ဈေးကွက်ဗျူဟာခင်းကျင်းခြင်း**

ဈေးကွက်အတွင်း မဟာဗျူဟာချမှတ်လုပ်ကိုင်ရမည်မှာ လုပ်ငန်းတိုင်းအတွက် လိုအပ်ချက်ဖြစ်သည်။ နောက်ထပ် ငါးနှစ်နေလျှင် လုပ်ငန်းသည် မည်မျှတိုးတက်နေရမည် မည်သည့်အခြေအနေဖြစ်ရမည်ကို မျှော်မှန်း၍ မဟာဗျူဟာများချမှတ်လေ့ရှိသည်။ ဈေးကွက်ထိုးဖောက်ရေးနှင့်ပတ်သက်၍ မဟာဗျူဟာများကိုလည်း သီးခြားချမှတ်လုပ်ကိုင်လေ့ရှိကြသည်။ ထိုသို့ ဈေးကွက်မဟာဗျူဟာချမှတ်လျှင် နှစ်အလိုက် မိမိထုတ်ကုန် သို့မဟုတ် ရောင်းကုန်၏ဈေးနှုန်းအခြေအနေကိုလည်း စဉ်းစားရမည်ဖြစ်သည်။ ငွေဖောင်းပွနှုန်းများ၊ တိုးတက်လာမည့် ဖောက်သည်အရေအတွက်များ၊ ဈေးကွက်၏ အပြောင်းအလဲများ စသည်တို့ကို ကြိုတင်စဉ်းစားချင့်ချိန်ပြီး ဒဿနအမြင်ဖြင့်ပါ ယှဉ်တွဲဆုံးဖြတ်ရမည်ဖြစ်သည်။ ဤနေရာတွင် Aristotle’s Golden Mean ဆိုသော ဒဿနိက အယူအဆကို ဖော်ပြလိုပါသည်။ ဤအချက်မှာ အလယ်အလတ်လမ်းစဉ် သို့မဟုတ် အစွန်းရောက်ခြင်းများကို ပယ်ရှားပြီး ဆုံးဖြတ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် Aristotle က အလွန်အကြူး အကောင်းဆုံးအမြင့်ဆုံးလုပ်ဆောင်ခြင်းနှင့် လုံးဝလျှော့ချခြင်းဟူသော အစွန်းနှစ်ပါးကြားတွင် အကောင်းဆုံးအခြေအနေ Golden Mean ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် Aristotle က မည်သည့်အချိန်တွင် မည်သည့်အရာကို မည်သို့လုပ်ကိုင်ရမည်ကို သိရှိခြင်းသည် ဉာဏ်ပညာဖြစ်သည်ဟုလည်းဆိုသည်။ ထိုဉာဏ်ပညာ သို့မဟုတ် ဆင်ခြင်တုံတရားဖြင့် ရွေ့လျားနေသည့် မျှတခြင်း Golden Mean ကိုရှာဖွေနိုင်သည်ဟု ဆိုထားသည်။ ဤနေရာတွင် မျှတမှုသည် ပျမ်းမျှယူခြင်းမဟုတ်ပါ။ အန္တရာယ်ရှိသော အစွန်းနှစ်ဖက်ကိုရှောင်ရှားပြီး အမှန်အတိုင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။ စီးပွားရေးတွင် အမြတ်များများရမည်ဟု တွက်ချက်ပြီး ရှိသမျှအရင်းအနှီးအားလုံးကို ရင်းနှီးမြှုပ်နှံခြင်းဆိုသော အလွန်အမင်းဆောင်ရွက်ခြင်းနှင့် အမြတ်များများရမည်ဖြစ်သော်လည်း စွန့်စားရမှုကြီးမားခြင်းကြောင့် လုံးဝရင်းနှီးမြှုပ်နှံမှုမလုပ်ကိုင်ခြင်းဟူသော အစွန်းနှစ်ဖက်ကိုရှောင်လွှဲပြီး ဆင်ခြင်တုံတရားဖြင့် Risk Management ပြုလုပ်ပြီး ထိုက်သင့်သည့်အရေအတွက် ရင်းနှီးမြှုပ်နှံခြင်းမျိုးဖြစ်သည်။

**ပြင်ပအချက်အလက်များ**

စဉ်းစားချင့်ချိန်ရာတွင် ဈေးကွက်ဝန်းကျင်ရှိ ပြင်ပအချက်အလက်များကို ထည့်သွင်းတွက်ချက်ရန် လိုအပ်သည်။ အထူးသဖြင့် နိုင်ငံရေးအခြေအနေ၊ ဈေးကွက်၏ စီးပွားရေးအခြေအနေ၊ လူမှုရေးဆိုင်ရာအခြေအနေများ၊ နည်းပညာအခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေနှင့် ဥပဒေဆိုင်ရာအခြေအနေဟူသောအချက်ကြီး ခြောက်ချက်ကို အခြေခံထည့်သွင်းတွက်ချက်ရန် လိုအပ်ပါသည်။ ဥပမာ ဈေးကွက်၏လူတစ်ဦးချင်းဝင်ငွေ၊ ငွေလဲလှယ်နှုန်း၊ ငွေသုံးစွဲနိုင်မှုနှုန်း စသည်တို့ကိုထည့်သွင်းစဉ်းစားသုံးသပ်ရမည်ဖြစ်သည်။ လူမှုရေးအခြေအနေဆိုရာတွင် ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများကို ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ နည်းပညာပိုင်းတွင်လည်း အင်တာနက်ပင်မရှိသော ဒေသမျိုးတွင် မည်ကဲ့သို့ ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်မည်၊ မည်သည့်နည်းပညာကိုသုံးစွဲမည် စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# တိုင်းပြည်ဂုဏ်တင့်ဖို့ ညီညွတ်ကြပါစို့

\- မြန်ပြည်နေ မြန်ပြည်ဖွားမို့
ရိုးသားတာက အစဉ်လာ၊
တစ်မြေတည်းနေ တစ်ရေတည်းသောက်လို့
စည်းမဖောက်ခဲ့ပါ၊
ခေတ်အဆက်ဆက် ညီညာစွာ
ပြည်သာအောင် ဆောင်ရွက်ကြ၊
ရာဇဝင် သမိုင်းမှတ်တမ်း
ဇာတ်လမ်းတိုင်းလှ။

\- နှောင်းအတိတ်ကို တုပလို့
ယခုမှစ ပြင်စို့ကွာ၊
သွေးကွဲလျှင် ပြည်ပျက်နိုင်သမို့
လက်ဆက်ညီညာ၊
တို့အတူတကွ ပေါင်းစည်းကာ
ပန်းတိုင်သာဆီ ပြိုင်တူလှမ်း၊
အနှစ်မဲ့ပေ ဆိုးအတ္တကို
ပယ်သတ်ကြစမ်း။

\- ပုဂံတောင်ငူ ကုန်းဘောင်ခေတ်လို
ဘုန်းရောင်သစ်ဖို့ တွေးမျှော်ရည်၊
အမေကျော် ဒွေးတော်လွမ်းဇာတ်
ဖြတ်ပစ်ရမည်၊
ငါတို့တိုင်း ငါတို့ပြည်
ကမ္ဘာတည်သရွေ့ ဂုဏ်တင့်ရေး၊
တို့ညီနှောင် ပေါင်းစုအားနဲ့
ကြိုးစားစို့လေး။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ပင်လယ်ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များသည် ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင် စသည့်ငါးများ၏ ဝမ်းဗိုက်ခွဲပြီးရရှိသောစည်ဖောင်းများကိုစနစ်ကျသန့်စင်ကာ နေပူလှန်းအခြောက်ခံပြီး တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

''ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းလာတာဖြစ်လို့ အရောင်းအဝယ် ကောင်းမွန်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ ငါးစည်ဖောင်းခြောက်တွေကို စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ စားသုံးသူများတော့ မှာယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထားတင်ပို့ ရောင်းချနေတာဖြစ်ပါတယ်''ဟု လပွတ္တာမြို့နယ် ပင်လယ်ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သီတာကပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်များ တစ်ပိဿာချင်း ဈေးနှုန်းများမှာ ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၀ မှ ၃၅၅၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ စသည်ဖြင့် စည်ဖောင်းခြောက် အကြီးအသေး အပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ဈေးကွက်ကို သေချာစွာလေ့လာသုံးသပ်ပြီး ရောင်းချနိုင်ရန်လိုအပ်သည်။ နောက်ပိုင်းတွင် ဝင်ငွေအလိုက်တည်ရှိသည့် ဖောက်သည်အလွှာများအပြင် အသက်အရွယ်ကိုလိုက်၍ ဝယ်လိုအားနှင့် ဝယ်ယူလိုသည့်ပစ္စည်းနှင့်ပုံစံများကိုပါ ထည့်သွင်းတွက်ချက်လာကြသည်ကို သတိပြုရမည်ဖြစ်သည်။ Generation X,Y and Z စသဖြင့် အသက်အရွယ်များအလိုက် ဝယ်လိုအားနှင့် ဝယ်ယူသည့် ပစ္စည်းများကွဲပြားခြင်း၊ ထိုအသက်အရွယ်အလိုက် ဖောက်သည်များကို မည်သည့်နေရာမှ ဈေးကွက်ထိုးဖောက်မည်ကို စဉ်းစားချင့်ချိန်နိုင်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် Generation Z များသည် အင်တာနက်များ၊ စမတ်ဖုန်းများဖြင့်သာ အချိန်ကုန်တတ်သဖြင့် ထိုသူများကို ဈေးကွက်ထိုးဖောက်ရာတွင် အဆိုပါ အင်တာနက်၊ စမတ်ဖုန်းများမှ ဈေးကွက်ထိုးဖောက်ခြင်းသည် အထိရောက်ဆုံးဖြစ်သည်။ အာရုံငါးပါးတွင် မျက်စိနှင့်နားကိုသာ အဓိကအသုံးပြုပြီး မည်သည့်ဈေးကွက်ထိုးဖောက်ခြင်းများ ခေတ်စားသည်ကို ဆင်ခြင်သုံးသပ်နိုင်ရပါမည်။

စီးပွားရေးလုပ်ငန်းတစ်ခုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ နေ့စဉ် စဉ်းစားဆုံးဖြတ်စရာများ ပြည့်နေသဖြင့် သတိနှင့်ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ စဉ်းစားဆုံးဖြတ်ရန် လိုအပ်သည်။ အစွန်းနှစ်ဖက်ကိုရှောင်လွဲ၍ မှန်ကန်သည့်နည်းလမ်းဖြင့် လုပ်ကိုင်နိုင်ရန် လိုအပ်သည်။ အထက်တွင် ဖော်ပြသကဲ့သို့ အခြေခံစိတ်ကျန်းမာရေးကောင်းအောင်မွမ်းမံပြီး ဆင်ခြင်တုံတရားလက်ကိုင်ထားကာ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်မှသာ ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိမည်ဖြစ်သည်။ အချုပ်အားဖြင့် "ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်"ဟူသော မဂ္ဂင်ရှစ်ပါးပါအချက်များကို နေ့စဉ်ဘဝနှင့် စီးပွားရေးတွင်ထည့်သွင်းသုံးစွဲခြင်းဖြင့် လုပ်ငန်းများအောင်မြင်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်ခင်ဗျား။

# မိုင်းတုံမြို့နယ် နားကောင်းမူး(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ ဩဂုတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကောင်းမူး(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက နားကောင်းမူး(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နားကောင်းမူး(ရွာသစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၅ သိန်း ထုတ်ချေးပေးထားကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင် ထံမှ သိရသည်။

**မောင်ခိုင်**

# နိုင်ငံတကာ သတင်းများ

## ရုရှားရေနံများကို အိန္ဒိယ ဆက်လက်ဝယ်ယူ

နယူးယောက် ဩဂုတ် ၂

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သတိပေးထားသည့်တိုင် အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားရေနံများကို ဆက်လက်ဝယ်ယူမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံမှ ရေနံများ ဝယ်ယူနေသည့်အတွက် အိန္ဒိယနိုင်ငံကို အရေးယူမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြီးခဲ့သည့်လအတွင်းက ကြေညာထားသည်။

သို့ရာတွင် လက်ရှိအချိန်ထိ သမ္မတဒေါ်နယ်ထရမ့်၏ သတိပေးချက်ကြောင့် အိန္ဒိယနိုင်ငံ၏ မူဝါဒမှာ အပြောင်းအလဲမရှိသေးဘဲ ရုရှားရေနံများ ဆက်လက်ဝယ်ယူနေဆဲဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုနည်းတူ ရုရှားရေနံများဝယ်ယူနေမှုကို ရပ်တန့်ရေးအတွက် အိန္ဒိယအစိုးရကလည်း ရေနံကုမ္ပဏီများကို ညွှန်ကြားထားခြင်းမရှိကြောင်း သိရသည်။

ရုရှားရေနံများကို ဝယ်ယူနေသည့် မည်သည့်နိုင်ငံမျိုးကိုမဆို ၁၀၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်၍ အပြစ်ပေးမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြီးခဲ့သည့် ဇူလိုင် ၁၄ ရက်တွင် ပြောကြားထားသည်။

ရုရှားရေနံများ အိန္ဒိယဆက်လက်ဝယ်ယူနေမှု သတင်းနှင့်ပတ်သက်၍ အိမ်ဖြူတော်တာဝန်ရှိသူများက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဇူလိုင်လအတွင်း ယူကရိန်းကိုတိုက်ခိုက်ရာတွင် ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ် ၆၄၀၀ ကျော် ရုရှားသုံးစွဲခဲ့

ကီယက်ဗ် ဩဂုတ် ၂

ရုရှားနိုင်ငံသည် ယခုနှစ်ဇူလိုင်လအတွင်း ယူကရိန်းနိုင်ငံကို မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်အစင်း ၆၄၀၀ ကျော်ထိ စံချိန်တင်အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း ဩဂုတ် ၁ ရက်တွင်ဖော်ပြထားသည်။

ယူကရိန်းလေတပ်က ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ ရုရှားနိုင်ငံသည် ယခုနှစ် ဇူလိုင်လအတွင်း မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည် ၆၄၄၃ စင်းထိ အသုံးပြုခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံက ယခုနှစ်ဇူလိုင်လအတွင်း အသုံးပြုခဲ့သော မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်အရေအတွက်မှာ သုံးနှစ်ကျော်ကြာ ယူကရိန်း စစ်ရေးပဋိပက္ခအတွင်း လအလိုက် အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ယခုနှစ်ဇူလိုင်လအတွင်း ယူကရိန်းနိုင်ငံကို တစ်ရက်လျှင် ပျမ်းမျှ ၂၀၁ ကြိမ်နှုန်းဖြင့် မောင်းသူမဲ့လေယာဉ်နှင့် ဒုံးကျည်တိုက်ခိုက်များ ပြုလုပ်ခဲ့ကြောင်း ယူကရိန်းလေတပ်၏ အဆိုအရ သိရသည်။

ထိုနည်းတူ ယခုနှစ် ဇူလိုင်လအတွင်း ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံကို တိုက်ခိုက်ရာတွင် ဒုံးကျည် ၁၉၈ စင်း အသုံးပြုခဲ့ကြောင်း ယူကရိန်းလေတပ် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အလားတူ ဇွန်လအတွင်းကလည်း ရုရှားတပ်များသည် ယူကရိန်းနိုင်ငံကို မောင်းသူမဲ့လေယာဉ် ၅၄၃၈ စင်း၊ ဒုံးကျည် ၂၃၉ စင်းတို့ဖြင့်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြင်သစ်နိုင်ငံက ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လေကြောင်းမှချပေး



ပဲရစ် ဩဂုတ် ၂

ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လေကြောင်းမှချပေးမှုကို ပြင်သစ်နိုင်ငံက ဩဂုတ် ၁ ရက်တွင်စတင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းလူမျိုးများအတွက် စားနပ်ရိက္ခာ တန် ၄၀ ထိ လေကြောင်းမှ ချပေးရန် စီစဉ်ထားသည်။

ထို့ပြင် အငတ်ဘေးဝင်ရောက်နေပြီဖြစ်သော ဂါဇာဒေသ၌ စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့ပစ္စည်းများ အပြည့်အဝဖြန့်ဝေခွင့်ပေးရန်လည်း ပြင်သစ်နိုင်ငံက အစ္စရေးနိုင်ငံကို တိုက်တွန်းထားကြောင်း သိရသည်။

ဂါဇာ ကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း ဒုက္ခသည်များအတွက် အရေးပေါ်စားနပ်ရိက္ခာနှင့် အထောက်အပံ့များကို လေကြောင်းမှချပေးမှုများ စတင်နေပြီဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားထားသည်။

သို့ရာတွင် ဂါဇာဒေသ၌ အငတ်ဘေး ဆိုက်ရောက်မည့်အရေးကို တားဆီးရေးအတွက် လေကြောင်းမှတစ်ဆင့် ရိက္ခာချရုံမျှဖြင့် မလုံလောက်ကြောင်း ပြင်သစ်သမ္မတက ပြောကြားထားသည်။

ပြင်သစ်နိုင်ငံသည် ဂါဇာဒေသအတွက် စားနပ်ရိက္ခာများ လေကြောင်းမှချပေးမှုကို ဂျော်ဒန်နိုင်ငံမှတစ်ဆင့် ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပါကစ္စတန်၌ ခရီးသည်တင်ရထားတစ်စီး လမ်းချော်မှုဖြစ်ပွား အမျိုးသမီးနှင့် ကလေးများအပါအဝင် အနည်းဆုံး လူ ၂၇ ဦး ဒဏ်ရာများရရှိ

အစ္စလာမ္မာဘတ် ဩဂုတ် ၂

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း လာဟိုးမြို့အနီး၌ ဩဂုတ် ၁ ရက်က ရထားလမ်းချော်မှုတစ်ခုဖြစ်ပွားခဲ့ရာ အမျိုးသမီးနှင့် ကလေးများအပါအဝင် အနည်းဆုံး လူ ၂၇ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အစ္စလာမ္မာဘတ် အိတ်စပရက် ခရီးသည်တင်ရထားသည် လာဟိုးမြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် လမ်းချော်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

ရထားလမ်းချော်မှုဖြစ်ပွားစဉ်အတွင်း ရထားတွဲ သုံးတွဲ သံလမ်းပေါ်မှချော်ထွက်ခဲ့ကြောင်း ပါကစ္စတန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရထားလမ်းချော်မှုအတွင်း ဒဏ်ရာရရှိခဲ့သူအားလုံး၏ အခြေအနေမှာ တည်ငြိမ်မှုရှိကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားထားသည်။

ရထားလမ်းကွန်ရက် ခေတ်နောက်ကျမှုကြောင့် ပါကစ္စတန်နိုင်ငံ၌ ရထားမတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်ကလည်း ဆင်းပြည်နယ် နဝပ်ရှားမြို့၌ ခရီးသည်တင်ရထားတစ်စီး လမ်းချော်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၃၀ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ချီလီနိုင်ငံ၌ ကြေးနီသတ္တုတွင်းပြိုကျ တစ်ဦးသေဆုံးပြီး ငါးဦး ပိတ်မိနေဟုဆို

စန်တီယေဂို ဩဂုတ် ၂

ချီလီနိုင်ငံအလယ်ပိုင်း ကြေးနီသတ္တုတွင်းတစ်တွင်း၌ တွင်းပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမားတစ်ဦးသေဆုံး၍ မြေအောက်၌ ငါးဦး ပိတ်မိနေကြောင်း ချီလီတာဝန်ရှိသူများက ဩဂုတ် ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကြေးနီသတ္တုတွင်း ပြိုကျမှုသည် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် ဇူလိုင် ၃၁ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အယ်လ်တီနီအန်တီ ကြေးနီသတ္တုတွင်းတည်ရှိရာ ချီလီနိုင်ငံအလယ်ပိုင်း၌ ဇူလိုင် ၃၁ ရက်က အင်အား ရစ်ချ်တာစကေး ၅ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိတိုင်းတာရေးအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ချီလီတာဝန်ရှိသူများသည် အယ်လ်တီနီအန်တီ ကြေးနီသတ္တုတွင်းမြေအောက်၌ ပိတ်မိနေသူများကို ကယ်တင်ရေးအတွက် ကြိုးပမ်းနေကြောင်း သိရသည်။

ကြေးနီသတ္တုတွင်းမြေအောက်၌ ပိတ်မိနေသူများကို ကယ်ထုတ်ရေးအတွက် ကျွမ်းကျင်သူ ဦးရေ ၁၀၀ ကျော်တို့က ကြိုးပမ်းနေကြောင်း ချီလီတာဝန်ရှိသူများက ပြောကြားထားသည်။

ထို့ပြင် ကြေးနီသတ္တုတွင်း ပြိုကျမှုဖြစ်စဉ်မှာ ငလျင်လှုပ်ခတ်မှုနှင့်ဆက်စပ်မှု ရှိမရှိကိုလည်း ချီလီတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Crew-11 မစ်ရှင် လွှတ်တင်မည့်အစီအစဉ်ကို ရာသီဥတုအခြေအနေကြောင့် နာဆာကဆိုင်းငံ့ထား



**နယူးယောက် ဩဂုတ် ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် စပေ့အိတ် ကုမ္ပဏီတို့သည် Crew-11 မစ်ရှင် လွှတ်တင်မည့်အစီအစဉ်ကို ရာသီဥတုအခြေအနေကြောင့် ဆိုင်းငံ့ထားရကြောင်း ဩဂုတ် ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

နာဆာနှင့် စပေ့အိတ်တို့၏ Crew-11 မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဇူလိုင် ၃၁ ရက်တွင် ဖယ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ်စခန်းတည်ရှိရာဒေသ၌ မိုးတိမ်များစုစည်းနေမှုကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

Crew-11 မစ်ရှင်တွင် အမေရိကန်အာကာသယာဉ်မှူးနှစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် ဂျပန်အာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါမည်ဖြစ်သည်။

အဆိုပါအာကာသယာဉ်မှူးလေးဦးသည်နိုင်ငံတကာအာကာသစခန်းပေါ်၌ ခြောက်လကြာတာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**

## တရုတ်မောင်းသူမဲ့ကုန်တင်လေယာဉ်သစ်က ပထဝီအနေအထားအမျိုးမျိုး၌ ဖြတ်ကျော်ပျံသန်းမှုအောင်မြင်စွာပြုလုပ်နိုင်ခဲ့

**ပေကျင်း ဩဂုတ် ၂**

တရုတ်အမျိုးသားအာကာသအေဂျင်စီက တည်ဆောက်ထားသည့် မောင်းသူမဲ့ကုန်တင်လေယာဉ်ပုံစံသစ်သည် ပထဝီမြေပြင်အနေအထားအမျိုးမျိုး ဖြတ်ကျော်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ဩဂုတ် ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဝိုင်အိတ်-၁၀၀၀ အမည်ရှိ အဆိုပါမောင်းသူမဲ့လေယာဉ်သည် ကုန်အလေးချိန် ကီလိုဂရမ် ၄၀၀ ကို သယ်ဆောင်၍ ချုံကင်းမြူနီစပယ်ဒေသ၌ ပထဝီအနေအထားအမျိုးမျိုးတွင် စမ်းသပ်ပျံသန်း၍ လျှံပင်းလေဆိပ်၌ အောင်မြင်စွာ ဆင်းသက်ခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဝိုင်အိတ်-၁၀၀၀ မောင်းသူမဲ့ ကုန်တင်လေယာဉ်သည် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်ရေးအတွက် လိုအပ်သည့် အရည်အသွေးအားလုံး ပြည့်မီကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဝိုင်အိတ်-၁၀၀၀ မောင်းသူမဲ့ကုန်တင်လေယာဉ်သည် အမြင့်မီတာ ၈၀၀၀ တွင် ၁၀ နာရီကြာ ပျံသန်းနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါ မောင်းသူမဲ့ကုန်တင်လေယာဉ်သည် ကုန်စည် ပမာဏ အလေးချိန် ကီလိုဂရမ် ၁၀၀၀ ကျော်ထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## K2-18b အမည်ရှိ ဂြိုဟ်ပေါ်၌ ရေဓာတ်များတည်ရှိမှု အတည်ပြုနိုင်



**လန်ဒန် ဩဂုတ် ၂**

K2-18b အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ယာဉ်တစ်စင်းသည် ရေဓာတ်များဖြင့်ဖွဲ့စည်းထားသော သမုဒ္ဒရာတစ်စင်း တည်ရှိနေကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၁ ရက် သတင်းများအရ သိရသည်။

K2-18b ဂြိုဟ်၏ ရေဓာတ်များကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က လွှတ်တင်ထားသည့် ဂျိမ်းဝက်အာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။

K2-18b ဂြိုဟ်ပေါ်၌ ရေဓာတ်များတည်ရှိမှုကို အတည်ပြုနိုင်မှုကြောင့် ၎င်းဂြိုဟ်ပေါ်၌ သက်ရှိများတည်ရှိနိုင်ခြေသည်လည်း မြင့်တက်လာပြီဖြစ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

K2-18b ဂြိုဟ်ပေါ်၌ ရေဓာတ်တည်ရှိမှုကို အတည်ပြုခဲ့ပြီးနောက် ၎င်းဂြိုဟ်ပေါ်၌ သမုဒ္ဒရာရေပြင် ရှိ၊ မရှိကို ဆက်လက်အတည်ပြုနိုင်ရန် ဗြိတိန်သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိသည်။

K2-18b ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၂၄ နှစ်အကွာတွင် တည်ရှိသော ကြယ်တစ်စင်းကို ဗဟိုပြုလည်ပတ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် ကလေးများတွင် ဘဝတစ်လျှောက်လုံး အဝလွန်မှုနှင့်ရင်ဆိုင်ရနိုင်

**လန်ဒန် ဩဂုတ် ၂**

အလွန်အကျွံပြုပြင်စီရင်ထားသော ကလေးအစားအစာများကြောင့် စားသုံးသူကလေးများအနေဖြင့် ဘဝတစ်လျှောက်လုံး အဝလွန်မှုပြဿနာနှင့်ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၁ ရက် သတင်းများအရ သိရသည်။

ကလေးငယ်များအတွက် ရည်ရွယ်ထုတ်လုပ်ထားသော အသင့်စားအစားအစာများအနက် ၃၁ ရာခိုင်နှုန်းမှာ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ (UPFS)များဖြစ်ကြသည်ဟု ဗြိတိန်နိုင်ငံ လိဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ UPFS အစားအစာများအနက် အချို့အစားအစာများတွင် ပါဝင်သည့်ကယ်လိုရီ ၈၉ ရာခိုင်နှုန်းကို သကြားမှရယူထားခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ အသက် လေးနှစ် သို့မဟုတ် ငါးနှစ်အရွယ်ကလေး ၁၀ ဦးလျှင် တစ်ဦးမှာ အဝလွန်မှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အမဲသားစားသုံးခြင်းက ကြက်သားစားသုံးမှုထက် အစာခြေလမ်းကြောင်းစနစ်ကို အကျိုးပြုနိုင်

**မက်ဒရစ် ဩဂုတ် ၂**

အမဲသားစားသုံးမှုသည် ကြက်သားစားသုံးမှုထက်ပို၍ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို အကျိုးပြုနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၁ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်ထိ နိုင်ငံတကာဆေးပညာရှင်များသည် အနီရောင်အသားများနှင့် ပြုပြင်စီရင်ထားသည့် အသားများစားသုံးမှုသည် အူမကြီးကင်ဆာရောဂါ၊ နှလုံးရောဂါများ ဖြစ်နိုင်ခြေမြင့်တက်လာမှုတို့နှင့်ဆက်စပ်နေကြောင်း မှတ်ယူထားပြီး ကြက်သားကို ဘေးအန္တရာယ်ပိုနည်းပါးသည့် ပရိုတင်းဓာတ် အရင်းအမြစ်အဖြစ် သတ်မှတ်ထားကြသည်။

သို့ရာတွင် စပိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမဲသားစားသုံးခြင်းသည် ကြက်သားစားသုံးမှုထက်ပို၍ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို အကျိုးပြုနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကြက်သားစားသုံးမှုသည် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အကျိုးပြုဗက်တီးရီးယားများ စုဖွဲ့မှု သိသိသာသာကျဆင်းသွားတတ်သည်ဟု စပိန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ရာတွင် အမဲသားစားသုံးသူများတွင် ရောင်ရမ်းမှုပြဿနာနှင့် အစာခြေလမ်းကြောင်းစနစ်ရောဂါများကို တားဆီးရာတွင် အဓိကကျသည့် Blautia ခေါ် ဗက်တီးရီးယားတစ်မျိုးစုဖွဲ့မှု သိသိသာသာအားကောင်းလာတတ်ကြောင်း စပိန်သုတေသန ပညာရှင်များက တွေ့ရှိထားသည်။

စပိန်သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၂၂ နှစ်ကြား လူငယ် ၁၆ ဦးကို အမဲသား၊ ကြက်သားများ သီတင်းရှစ်ပတ်ကြာ ကျွေးမွေးလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။


**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရိသတ်များကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့သည့် ပီအက်စ်ဂျီအသင်းကို ယူအီးအက်ဖ်အေက ဒဏ်ငွေ ယူရို ၁၅၀၀၀၀ ပြစ်ဒဏ်ချမှတ်



ပဲရစ် ဩဂုတ် ၂

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်း ပရိသတ်များက ကွင်းအတွင်း ကျူးကျော်ဝင်ရောက်မှုကြောင့် ပရိသတ်ကိုထိန်းသိမ်းရန် ပျက်ကွက်မှုဖြင့် ယူအီးအက်ဖ်အေက ပီအက်စ်ဂျီအသင်းကို ဒဏ်ငွေ ယူရို ၁၅၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် အင်တာမီလန်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ပီအက်စ်ဂျီအသင်းပရိသတ်တစ်ဦးက ယူအီးအက်ဖ်အေမာဖီးယား ဟူသည့် ဆောင်ပုဒ်နှင့်ဝက်ပုံကို ကိုင်ဆောင်အားပေးခဲ့သည့်အပြင် ကွင်းအတွင်း ကျူးကျော်ဝင်ရောက်ခြင်းနှင့်မီးရှူးမီးပန်း ပစ်ဖောက်ခြင်းတို့ကြောင့် ယူအီးအက်ဖ်အေက ပရိသတ်များကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့မှုကြောင့် ပီအက်စ်ဂျီအသင်းကို အရေးယူခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်း ဥက္ကဋ္ဌ အယ်ခါလိုင်ဖီသည် လက်ရှိတွင် ယူအီးအက်ဖ်အေ အမှုဆောင်ကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သော်လည်းချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်တွင် ပရိသတ်များက ယူအီးအက်ဖ်အေကို လှောင်ပြောင်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယူအီးအက်ဖ်အေ အဖွဲ့ချုပ်က ၎င်းပရိသတ်၏ အပြုအမူသည် လေးစားမှုမရှိသည့်လုပ်ရပ်ဖြစ်၍ အဖွဲ့ချုပ်က ချမှတ်ထားသည့် စည်းကမ်းချက်ခြောက်ချက်ကို ဖောက်ဖျက်မှုနှင့် ပီအက်စ်ဂျီအသင်းကို အရေးယူမှုပြုလုပ်၍ ဒဏ်ငွေပြစ်ဒဏ် ယူရို ၁၅၀၀၀၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဝင်ငွေထွက်ငွေ မညီမျှမှုကြောင့် ယူအီးအက်ဖ်အေက ဒဏ်ငွေ ယူရို ၁၀၀၀၀၀၀ ထိ ချမှတ်ခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML

# ဖီရင်နုတိုက်စစ်ကစားသမား အီဂေါ်ပိုင်ရှာကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် မာဆေးအသင်းခေါ်ယူ

ပဲရစ် ဩဂုတ် ၂

မာဆေးအသင်းသည် တိုက်စစ်ပိုင်းတွင် ဂရင်းဝုဒ်နှင့်တွဲဖက်ကစားနိုင်ရန်အတွက် ဖီရင်နုတောင်ပံ တိုက်စစ်ကစားသမား အီဂေါ်ပိုင်ရှာကို ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

မာဆေးအသင်းအနေဖြင့် ကစားသမားအတွက် အပိုဆုကြေးအပါ ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ အီဂေါ်ပိုင်ရှာသည် ၂၀၂၂ ခုနှစ်က နယ်သာလန်ကလပ် ဖီရင်နုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် ပထမဆုံးဘောလုံးရာသီတွင် အသင်းနှင့် အမှတ်ပေးချန်ပီယံဆုဖလား ရယူနိုင်ခဲ့ကာ နောက်ပိုင်းနှစ်များတွင် တိုက်စစ်ပိုင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၁၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၉ ကြိမ် ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သည်။

ထို့ပြင် ၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နယ်သာလန်ပြည်တွင်းဖလား ဗိုလ်လုပွဲစဉ်တွင်လည်း နီမီဂျန်အသင်းကို ၎င်း၏သွင်းဂိုးဖြင့် အနိုင်ယူ၍ ဆုဖလား ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အီဂေါ်ပိုင်ရှာသည် ဘရာဇီးကလပ် ကော်ရီတီဘာအသင်းနှင့် ၂၀၁၉ ခုနှစ်က ကစားသမားဘဝ စတင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ဖီရင်နုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ ဘောလုံးရာသီ သုံးရာသီ၌ ပြိုင်ပွဲစုံ ၁၂၉ ပွဲတွင် သွင်းဂိုး ၃၉ ဂိုး သွင်းယူနိုင်ခဲ့ပြီး အသင်းနှင့်အတူ အမှတ်ပေး ဆုဖလားတစ်ကြိမ်၊ စူပါဖလားတစ်ကြိမ်နှင့် KNVB ဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Get football news
Trs : ML




# နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားလေးဦးထိ ရောင်းချရန် ဘာစီလိုနာအသင်းဆုံးဖြတ်

မက်ဒရစ် ဩဂုတ် ၂


ဘာစီလိုနာ အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ ပိတ်သိမ်းရန် တစ်လအလိုတွင် အသင်းမှ ခံစစ်ကစားသမား အာရူဂျို အပါအဝင် ကစားသမားလေးဦးထိ ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းအနေဖြင့် ယခုအပြောင်းအရွှေ့ ကာလတွင် ကစားသမားသစ်ထပ်မံခေါ်ယူရန် ဆန္ဒရှိသော်လည်း ဘဏ္ဍာရေး အကျပ်အတည်းကြောင့် ငွေကြေးသုံးစွဲနိုင်ခြင်းမရှိ၍ အသင်းမှ ကစားသမားလေးဦးထိ ရောင်းချကာ ကစားသမားသစ် ထပ်မံခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသင်းအနေဖြင့် နည်းပြဖလစ်လက်အောက်တွင် ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်ပြည်တွင်းဖလားအားလုံး သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင်လည်း ဆုဖလားအားလုံးကို ကာကွယ်မှုပြုလုပ်နိုင်ရန် မျှော်လင့်ထားသဖြင့် ကစားသမားသစ် ထပ်မံခေါ်ယူလိုသော်လည်း ဘဏ္ဍာရေး အခက်အခဲကြောင့် ကစားသမားမှတ်ပုံတင်ရန် အခက်တွေ့နေကြောင်း သိရသည်။

ထို့ပြင် နွေရာသီအပြောင်းအရွှေ့ကာလ စတင်ချိန်က ခေါ်ယူခဲ့သည့် ဂိုးသမားဂါစီယာနှင့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်တို့ကိုလည်း ကစားသမားမှတ်ပုံတင်နိုင်ခြင်းမရှိသေးသည့်အတွက် အသင်းမှ ခံစစ်ကစားသမား အာရူဂျိုနှင့် လာမာစီယာကစားသမားများဖြစ်သည့် ဂိုးသမား အီနာကီပီနာ၊ ခံစစ်ကစားသမား ဂျရတ်မာတင်၊ ကွင်းလယ်ကစားသမား ရိုမီယူတို့ကို ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။





ဘာစီလိုနာ အသင်းသည် ဂိုးသမားများအဖြစ် ဆက်ဇနီ၊ ဂါစီယာ၊ တာစတီဂန်တို့ ရှိနေသည့်အတွက် အီနာကီပီနာကို လက်လွှတ်သွားမည်ဖြစ်ပြီး အာရူဂျို၏နေရာတွင် ကျူဘာစီနှင့် မာတီနက်ဇ်တို့ကို လည်းကောင်း၊ ဂျရတ်မာတင်နေရာတွင် ဘလိတ်နှင့်လည်းကောင်း၊ရိုမီယူကို ကစားကွက်နှင့် ကိုက်ညီမှုမရှိခြင်းကြောင့် လည်းကောင်း ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Football Espana
Trs : ML

## အားကစားသတင်းအတိုအထွာများ

- အေတီကိုအသင်းက ဘာစီလိုနာအသင်းမှ လူငယ်ကစားသမား ကာဆာဒိုကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေပြီး ကစားသမားအနေဖြင့် ပွဲကစားချိန်ပိုမိုရရှိလိုသောကြောင့် အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေကြောင်း သိရသည်။
- လီဗာပူးအသင်းက ဒါဝင်နူနက်ကို အလိုက်ပေး၍ အစ်ဆက်ခ်ကို ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ငြင်းပယ်ခဲ့မှုကြောင့် တိုက်စစ်မှူး ဒါဝင်နူနက်သည် ဆော်ဒီပရိုလိဂ်ကလပ် အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ရန် ကနဦးဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- နော်တင်ဟမ်အသင်းနည်းပြ ဆန်းတို့စ်က အသင်းမှ အဓိကကစားသမားလေးဦး ထွက်ခွာသွားသောကြောင့် လက်ရှိအပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ကစားသမားငါးဦးထိ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# လီဗာပူးအသင်းမှထွက်ခွာမည့် ချီဆာကို အေစီမီလန်အသင်းက ခေါ်ယူရန်ကြိုးပမ်း




ရောမ ဩဂုတ် ၂

အေစီမီလန် အသင်းက လီဗာပူးအသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေသည့် တိုက်စစ်ကစားသမား ချီဆာကို စီးရီးအေပြိုင်ပွဲထံ ပြန်လည်ခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ချီဆာသည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဂျူဗင်တပ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး နည်းပြ အာနီးလော့လက်အောက်တွင် ပွဲထွက်ခွင့်မရရှိခဲ့ဘဲ ရန်းကန်ခဲ့ရသူဖြစ်သည်။

ချီဆာသည် ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခဲ့ရခြင်းဖြစ်သည်။

ချီဆာသည် ဂျူဗင်တပ်အသင်းတွင် အဓိကကစားသမားအဖြစ်ပါဝင်ခဲ့သော်လည်း လီဗာပူးအသင်းတွင် လူစားဝင်ကစားသမားအဖြစ်ပင် ပွဲစဉ်အနည်းငယ်သာ ပါဝင်ခွင့်ရရှိသည့်အတွက် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး လီဗာပူးအသင်းကလည်း အသင်းသစ်ရှာဖွေရန် ခွင့်ပြုပေးထားခြင်းဖြစ်သည်။

အေစီမီလန်အသင်း နည်းပြသစ် အယ်လီဂရီက ချီဆာနှင့် ဂျူဗင်တပ်အသင်းတွင် လက်တွဲခဲ့ဖူးသူများဖြစ်သည့်အတွက် ချီဆာကို အေစီမီလန် အသင်းထံ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ချီဆာသည် ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပါဝင်ကစားပေးခဲ့ရကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# နွေရာသီအပြောင်းအရွှေ့ကာလတွင် စပါးအသင်းမှ ထွက်ခွာရန် ဆွန်ဟောင်မင် ဆုံးဖြတ်

လန်ဒန် ဩဂုတ် ၂

စပါးအသင်း ခေါင်းဆောင် ဆွန်ဟောင်မင်က လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဆွန်ဟောင်မင်သည် ၂၀၁၅ ခုနှစ်က လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး နောက်အသင်းနှင့်အတူ နောက်ပိုင်း ဘောလုံးရာသီများတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ဆွန်ဟောင်မင်သည် အသင်း ဖော်ဟောင်း ဟယ်ရီကိန်းနှင့် အကောင်းဆုံးတွဲဖက်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံး တိုက်စစ်အတွဲ တစ်တွဲအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

စပါးအသင်းမှ ဟယ်ရီကိန်း ထွက်ခွာချိန်တွင်လည်း အသင်းနှင့် အတူ တိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ကာ အသင်း ခေါင်းဆာင်တာဝန်ရယူထားခြင်း ဖြစ်သည်။



စပါးအသင်းနှင့် ဆွန်ဟောင်မင်တို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး အစောပိုင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့သော်လည်း စပါးအသင်းက တစ်နှစ်သာ ကမ်းလှမ်းခဲ့သည့်အတွက် ဆွန်ဟောင်မင်က အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး မေဂျာလိဂ်ကလပ် လော့စ်အိန်ဂျလိစ် အသင်းထံ ပြောင်းရွှေ့ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# နယူးကာဆယ်အသင်းမှ ထွက်ခွာဖွယ်ရှိသည့် အစ်ဆက်က အသင်းဟောင်း ဆိုစီဒက်အသင်းတွင် သီးသန့်လေ့ကျင့်မှုများ ပြုလုပ်

လန်ဒန် ဩဂုတ် ၂

လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းမှ ထွက်ခွာပြီး လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေသည့် အစ်ဆက်က နယူးကာဆယ်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ပြီး အသင်းဟောင်း ဆိုစီဒက်အသင်းတွင် တစ်ဦးတည်းလေ့ကျင့်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ အစ်ဆက်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဆိုစီဒက်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၀ ဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံး



ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် လက်ရှိနွေရာသီကစားသမား အပြောင်းရွှေ့ကာလ အစပိုင်းကတည်းက လီဗာပူးအသင်းက ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် အသင်းတိုက်စစ်ပိုင်းအတွက် ဖရန့်ဖတ်အသင်းမှ အီကီတီကီကို ယူရို ၆၅ သန်းဖြင့်ခေါ်ယူထားကာ အစ်ဆက်ကိုလည်း ဆက်လက်ခေါ်ယူရန် ကြိုးပမ်းနေပြီး အစောပိုင်းက ယူရို သန်း ၁၂၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက မရောင်းချလိုသည့်အတွက် ပယ်ချခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့အကြား သဘောတူညီမှု မရရှိသေးသော်လည်း အစ်ဆက်ကိုယ်တိုင်က လီဗာပူးအသင်းသို့ ပြောင်းရွှေ့လိုသည့်အတွက် နယူးကာဆယ်အသင်းမှ ထွက်ခွာခွင့် တောင်းဆိုထားကာ အသင်းက ထွက်ခွာခွင့်မပေးသည့်အတွက် တင်းမာမှုများရှိနေပြီး အသင်းကစားသမားစာရင်းမှ နုတ်ထွက်၍ အသင်းဟောင်း ဆိုစီဒက်အသင်းတွင် လေ့ကျင့်မှုများလုပ်ဆောင်နေပြီး လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ဩစတြီးယားနိုင်ငံတွင် ရာသီကြိုခြေစမ်းပွဲစဉ်ကစားမည်ဟု ရီးရဲလ်ထုတ်ပြန်

မက်ဒရစ် ဩဂုတ် ၂

ရီးရဲလ်မက်ဒရစ် အသင်းက လာမည့်ဘောလုံးရာသီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဩစတြီးယားနိုင်ငံတွင် ရာသီကြိုခြေစမ်းပွဲ ကစားသွားမည်ဟု အတည်ပြုထုတ်ပြန်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ယခုနှစ်တွင် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခဲ့ရာ အသင်းအနေဖြင့် ဆီမီးဖိုင်နယ်ထိ တက်ရောက်နိုင်ခဲ့ပြီး ဇူလိုင် ၉ ရက်တွင် ပီအက်စ်ဂျီအသင်းကို လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း ကစားသမားများအတွက် အနားယူချိန် လုံလောက်မှုမရှိခဲ့သဖြင့် ရာသီကြိုခြေစမ်းပွဲစဉ် အများအပြား မကစားနိုင်တော့ခြင်းဖြစ်သည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ် အသင်းသည် ကစားသမားများကို အနားယူချိန် ရက်သတ္တ သုံးပတ်ပေးထားခဲ့ပြီး လာမည့် ဩဂုတ် ၁၉ ရက်တွင် လာလီဂါအဖွင့်ပွဲစဉ် ကစားရမည် ဖြစ်သောကြောင့် ခြေစမ်းပွဲစဉ်များကစားရန် အချိန် လုံလောက်မှုမရှိ၍ အဖွင့်ပွဲစဉ် မတိုင်မီ ဩစတြီးယားနိုင်ငံတွင် ခြေစမ်းပွဲတစ်ပွဲကစားရန် စီစဉ်ခဲ့ပြီး အဆိုပါပွဲစဉ်ကို လာမည့် ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစောပိုင်းက ရီးရဲလ်မက်ဒရစ် အသင်း တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ချိန်ရရှိရန်အတွက် အိုဆာဆူနာအသင်းနှင့် ကစားရမည့် လာလီဂါအဖွင့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် စပိန်ဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုခဲ့သော်လည်း အဖွဲ့ချုပ်က ပယ်ချခဲ့သဖြင့် ခြေစမ်းပွဲစဉ် တစ်ပွဲသာ ကစားရန် ဆုံးဖြတ်၍ဩစတြီးယားခရီးစဉ်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# National Bank Open တင်းနစ်ပြိုင်ပွဲ၌ အမ်မာရာဒူကာနူက အန်နီစီမိုဗာကို ရှုံးနိမ့်



အော့တဝါ ဩဂုတ် ၂

ကနေဒါနိုင်ငံ မွန်ထရီရယ်လ်မြို့တွင်ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူက အမေရိကန်တင်းနစ်မယ် အန်နီစီမိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အန်နီစီမိုဗာက (၆-၂၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အမ်မာသည် ပထမအဆင့်နှင့် ဒုတိယအဆင့်တို့တွင် ပုံစံကောင်းပြသကာ ရလဒ်ကောင်းများဖြင့် အနိုင်ရခဲ့သော်လည်း အန်နီစီမိုဗာနှင့်ပွဲစဉ်တွင် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အန်နီစီမိုဗာက "အမ်မာဟာ ကစားရခက်တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ ပထမအဆင့်နဲ့ ဒုတိယအဆင့်မှာလည်း သူ့ရဲ့စွမ်းဆောင်ရည်ပိုင်းက ချန်ပီယံကို စိန်ခေါ်နိုင်တဲ့ စွမ်းဆောင်ရည်မျိုးဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ပွဲစဉ်မှာတော့ သူနည်းနည်း အမှားတွေ ရှိနေခဲ့တဲ့အတွက် ကျွန်မအနေနဲ့ အခုလိုရလဒ်မျိုးနဲ့ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အမ်မာအနေဖြင့် အမှားများခဲ့ခြင်းကြောင့် အန်နီစီမိုဗာအား ရှုံးနိမ့်ခဲ့ရခြင်းနှင့် ပတ်သက်ပြီး ၎င်း၏ စွမ်းဆောင်ရည်ပိုင်း အတက်အကျမြန်ဆန်နေခြင်းဖြစ်ကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။

အန်နီစီမိုဗာသည် စတုတ္ထအဆင့်တွင် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# Women's British Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျပန်ဂေါက်သီးရိုက်မယ် ယာမာရှီတာ ဦးဆောင်



ကာဒစ်ဖ် ဩဂုတ် ၂

ဝေးလ်နိုင်ငံတွင် ကျင်းပနေသည့် Women's British Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ် ယာမာရှီတာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက်မယ် တာကီဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး အမေရိကန် ဂေါက်သီးရိုက်မယ် ဒွန်ကန်အပါအဝင် ပြိုင်ပွဲဝင်လေးဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ယာမာရှီတာသည် ပထမနေ့တွင် အကောင်းဆုံး ကစားနိုင်ခဲ့သကဲ့သို့ ဒုတိယနေ့တွင်လည်း ရလဒ်အကောင်းဆုံး ပြိုင်ပွဲဝင်တစ်ဦးဖြစ်ခဲ့ပြီး ပထမနေ့တွင် သတ်မှတ်ရိုက်ချက်ထက် လေးချက်ထိ လျှော့ရိုက်နိုင်ခဲ့သလို ဒုတိယနေ့တွင်လည်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်ထိ လျှော့ရိုက်နိုင်ခဲ့သူဖြစ်သည်။

ယာမာရှီတာက "အခုလို ရလဒ်ကောင်းရထားတာကို အရမ်းဝမ်းသာပါတယ်။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင်တော့ ကျွန်မအနေနဲ့ ဒီလောက်ထိ ရလဒ်ကောင်းမယ်လို့ မျှော်လင့်မထားပါဘူး။ ကျွန်မအနေနဲ့ အောင်မြင်မှုတွေထက် ပါဝင်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတွေမှာ မြင့်မားတဲ့ စွမ်းဆောင်ရည်မျိုးနဲ့ ယှဉ်ပြိုင်နိုင်ဖို့ပဲ မျှော်လင့်ထားတယ်။ ပြိုင်ပွဲတွေမှာ မျှော်လင့်ချက်တစ်ခုနဲ့ ပါဝင်ယှဉ်ပြိုင်တာထက် လွတ်လပ်ပေါ့ပါးစွာနဲ့ ပွဲအပေါ် အာရုံစိုက်ပြီးတော့ ယှဉ်ပြိုင်တာမျိုးပဲဖြစ်ချင်တယ်။ ဒီပြိုင်ပွဲမှာ နှစ်ရက်စလုံး အတိုင်းအတာနဲ့ ရရှိထားတဲ့ရလဒ်ဟာ ကျွန်မလုံးဝ မျှော်လင့်မထားတဲ့ ရလဒ်တစ်ခုဖြစ်တယ်ဆိုတာကို ရိုးသားစွာ ဝန်ခံပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# လက်ဦးဆရာများ

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

"**လက်ဦးဆရာ၊**
**မည်ထိုက်စွာ၊**
**ပုဗ္ဗာစရိယ၊**
**မိနှင့်ဖ**"ဟူ၍ရှင်မဟာရဋ္ဌသာရက ပြီးခဲ့သော နှစ်ပေါင်း ၈၀၀ ကျော်ကတည်းက ရေးဖွဲ့ခဲ့ပြီး ယနေ့တိုင် မရိုးနိုင်အောင်သုံးနေရသည့် ကဗျာစာသားဖြစ်သည်။ အဓိပ္ပာယ်လည်း အလွန်ရှိသည်။ ယူနက်စကို၏ မိခင်များကို ဂုဏ်ပြုမှတ်တမ်းပြုထားသည့် ဆောင်ပုဒ်တစ်ခုကိုတင်ပြလိုပါသည်။ ၎င်းမှာ Educate a woman, Educate a nation မိခင်တစ်ယောက်ကို စာသင်ပေးခြင်းသည် နိုင်ငံတစ်နိုင်ငံကို စာသင်ပေးခြင်းဖြစ်သည်ဟု တင်စားထားသော အဆိုပြုချက်တစ်ခုဖြစ်ပါသည်။

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၏ အမျိုးသမီးများအတွက် မျှော်မှန်းချက်သည် အလွန်ပင်ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုရမည်ဖြစ်ပြီး အမျိုးသမီးများစာတတ်မြောက်ရေးကို လက်တွေ့ကျကျ ဆောင်ရွက်ရန်လိုအပ်လာသည်။ အမျိုးသမီးများသည် မိခင်လောင်းများဖြစ်ကြသည်။

ယူနက်စကိုက စာတတ်မြောက်ရေးဆိုင်ရာ ဗီဒီယိုဇာတ်လမ်းတိုကလေးတစ်ခုကို ရိုက်ကူးပြီး ကမ္ဘာတစ်ဝန်းလုံးသို့ ဖြန့်ချိပြသပါသည်။ စာရေးသူ အ သုံးလုံးသင်တန်းများနှင့် ကျောင်းပြင်ပ ပညာရေး သုတေသနလုပ်ငန်းများလုပ်စဉ် ပဲခူးတိုင်းဒေသကြီးမှ ရွာပေါင်း ၃၀၊ မန္တလေးတိုင်းဒေသကြီးမှ ရွာပေါင်း ၃၀ သို့ သုတေသနခရီးသွားရောက်ခဲ့ရာတွင် ယူနက်စကိုကထုတ်ဝေသော "မနီပြုံးနိုင်ပြီ" စာတတ်မြောက်ရေးဗီဒီယိုကို ရွာစဉ်အလိုက်ပြသပြီး စာတတ်မြောက်ရေးအတွက် အမျိုးသမီးများစာသင်လိုစိတ်ရှိအောင် ဟောပြောစည်းရုံးခဲ့သည်။ မူရင်းဇာတ်မှာ အင်္ဂလိပ်စကားပြောဖြစ်သည်။ ရုပ်ပြစာအုပ်လည်း ထုတ်ဝေခဲ့သည်။

ဇာတ်လမ်းအကျဉ်းချုပ်မှာ မနီသည် စာမတတ်ပါ။ သူ့ခင်ပွန်း အပြင်းဖျား၍ မြို့တက်ဆေးဝယ်သည်။ ဆေးပုလင်းခွံယူသွားသည်မှာ အဆိပ်ပုလင်းဖြစ်နေသည်။ ပုလင်းတွင် စာကပ်ထားသော်လည်း မနီက စာမတတ်ပါ။ ဆေးဆိုင်ရောက်မှသိတော့သည်။ ထိုသို့ သိလိုက်သည့်အချိန်မှစ၍ မနီ စာသင်မည်ဟု ဆုံးဖြတ်လိုက်သည်။ မနီ စာကြိုးစားသင်ယူသည်။ နောက်ဆုံး၌ မနီ စာတတ်ပြီ။ မနီ ပြုံးနိုင်ပြီ။ စာတတ်သဖြင့်လူရာဝင်လာသည်။ မိသားစုအရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို ဦးဆောင်လာနိုင်သည်။ မနီသည် စာတတ်လာသောအခါ စီးပွားရေးတွင် သူ့ကိုလိမ်လည်လှည့်စားနေသော ကုန်သည်၊ ပွဲစား၊ ဈေးသည်များကိုလည်း ဖော်ထုတ်အနိုင်ယူနိုင်ခဲ့သည်။

**❖ရှင်မဟာရဋ္ဌသာရက "ငယ်သော်က မဆုံးမသော် မိဘတလည် ရန်သူမည်၏"လို့ ဆိုထားပါသည်။ အမေသည် သားသမီးကို လိမ္မာရေးခြားရှိအောင် အနီးကပ်အခါမလပ်သင်ကြားပေးသည်။ လူ့ဘဝအတွက် နေနည်း၊ ထိုင်နည်း၊ စားနည်း၊ သောက်နည်း၊ အညစ်အကြေး စနစ်တကျစွန့်နည်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနေထိုင်နည်းနှင့် ကျန်းမာရေးကအစ အမေ့ရင်ခွင်၊ အမေ့ကျောင်းမှပင် သင်ယူခဲ့ကြရသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူမိခင်သည် ဘုရားရှိခိုးစာများ၊ ဘုရားရှိခိုးနည်း၊ အိပ်ရာဝင် အိပ်ရာထ မိဘကိုကန်တော့ခြင်း၊ လူကြီးမိဘ အဘိုး၊ အဘွားများကို ရိုသေလေးစားပြောဆို ဆက်ဆံနည်းကိုလည်း ရင်ခွင်ပိုက်အရွယ်ကတည်းက အမေ့ကျောင်းမှ လေ့လာသင်ယူခဲ့ရပါသည်။ ❖**

မိခင်၊ ဖခင်တို့သည် သားသမီးတို့ကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မှစ၍ ရှင်သန်ကြီးထွားစေရန် နည်းမျိုးစုံဖြင့် ပြုစုစောင့်ရှောက်ရသည်။ မိခင်သည် သားသမီးများကို မွေးစမှစ၍ နို့ချိုတိုက်ကျွေးရသည်။ မိခင်၏နို့ရည်သည် မေတ္တာကြောင့် သွေးအရောင်မှ အဖြူရောင်နို့ရည်ဖြစ်ရသည်။ ကဗျာဆရာကြီးတင်မိုးက မွေးစကတည်းက လူလားမြောက်သည်ထိ အနီးကပ်ကြီးကြပ်၍ လူတစ်ယောက်၏ အစားအသောက်၊ အနေအထိုင်၊ အလေ့အကျင့်၊ အပြောအဆိုတို့ကို အချိန်ရတိုင်း သင်ပေးသဖြင့် အမေကို ဂုဏ်ပြုသည့်အနေဖြင့် "အမေ့ကျောင်း"ဟု နာမည်ကျော် ကဗျာတစ်ပုဒ်ကိုစပ်ဆိုပေးခဲ့သည်။ ထိုကဗျာမှာ ဂန္ထဝင်ကဗျာဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် အမေသည် အရေးအပါဆုံးပုဂ္ဂိုလ်ဖြစ်သည်။ အမေတော်လျှင်တော်သလောက် မိသားစုကိုအကျိုးပြုနိုင်သည်။ ထို့ကြောင့်ပင် ယူနက်စကိုက မိခင်တစ်ယောက်ကို စာသင်ပေးခြင်းသည် နိုင်ငံတစ်နိုင်ငံကို စာသင်ပေးခြင်းဖြစ်သည်ဟူသော ဆောင်ပုဒ်ဖြင့် ဂုဏ်ပြုထားခြင်းဖြစ်ပြီး အမေများ၏စွမ်းပကားကို ဖော်ညွှန်းခြင်းဖြစ်သည်။ မြန်မာစကားကလည်း ပုခက်လွှဲသောလက်သည် ကမ္ဘာကိုလွှမ်းမိုးနိုင်၏ဟု ဆိုထားသည်။ ဂျာမနီဝန်ကြီးချုပ် မာကယ်တို့၊ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာတို့၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ကို စာရေးသူသတိရမိသည်။

အမေ့ကျောင်းသည် ရင်ခွင်ပိုက်ကျောင်းဖြစ်သည်။ နို့ချိုတိုက်ကျွေးရင်း အမေ့ရင်ခွင်တွင် ထွေးပိုက်ထားသဖြင့် သားသမီးတို့နွေးထွေးပြီး လုံခြုံမှုအပြည့်ရှိသည်။ အမေ့ရင်ခွင်မှသည် ဖေဖေ၊ မေမေ၊ ဘဘ အစရှိသည့် ဘာသာစကားများ သင်ကြားတတ်မြောက်ရသည်။

ရှင်မဟာရဋ္ဌသာရက "ငယ်သော်က မဆုံးမသော် မိဘတလည်ရန်သူမည်၏"လို့ ဆိုထားပါသည်။ အမေသည် သားသမီးကို လိမ္မာရေးခြားရှိအောင် အနီးကပ်အခါမလပ်သင်ကြားပေးသည်။

လူ့ဘဝအတွက် နေနည်း၊ ထိုင်နည်း၊ စားနည်း၊ သောက်နည်း၊ အညစ်အကြေးစနစ်တကျစွန့်နည်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနေထိုင်နည်းနှင့် ကျန်းမာရေးကအစ အမေ့ရင်ခွင်၊ အမေ့ကျောင်းမှပင် သင်ယူခဲ့ကြရသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူမိခင်သည် ဘုရားရှိခိုးစာများ၊ ဘုရားရှိခိုးနည်း၊ အိပ်ရာဝင် အိပ်ရာထ မိဘကိုကန်တော့ခြင်း၊ လူကြီးမိဘ အဘိုး၊ အဘွားများကို ရိုသေလေးစားပြောဆို ဆက်ဆံနည်းကိုလည်း ရင်ခွင်ပိုက်အရွယ်ကတည်းက အမေ့ကျောင်းမှ လေ့လာသင်ယူခဲ့ရပါသည်။

စာရေးသူငယ်စဉ်က ဝလုံးရေးနည်းကို အမေ သင်ပေးသည်။ လက်ရေးလှအောင် အမေသင်ပေးသည်။ အေ၊ ဘီ၊ စီ၊ ဒီ အမေ သင်ပေးသည်။ ကကြီး၊ ခကွေးကအစ အ အဆုံး အမေ့ကျောင်းက သင်ပေးလိုက်သည်။

လက်ဦးဆရာများ၏ အခြေခံသင်ကြားပေးမှုများသည် သားသမီးတို့၏ဘဝ တစ်သက်တာအတွက် အလွန်အရေးပါလှသော အင်အားများဖြစ်ပြီး အောင်မြင်ရေးအုတ်မြစ်ဖြစ်သည်။

"သားသမီးမကောင်း၊ မိဘခေါင်း"ဆိုရိုးစကားရှိသည်။ လက်ဦးဆရာများဖြစ်သော မိဘတို့သည် မိမိတို့၏သားသမီးများ လိမ္မာရေးခြားရှိစေရန် အစွမ်းကုန် ကြိုးစားအားထုတ်လျက်ရှိမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သားသမီးများသည် လက်ဦးဆရာဖြစ်သော အနန္တဂိုဏ်းဝင်မိဘတို့ကို အစဉ်အမြဲ လုပ်ကျွေးပြုစုကြရမည်ဖြစ်သည်။ စာရေးသူအနေဖြင့်လည်း ကမ္ဘာပေါ်ရှိ လက်ဦးဆရာများကို ဦးထိပ်ပန်ဆင်၍ စာပေဖြင့်အမွှမ်းတင်ကာ လက်အုပ်ချီမိုးကန်တော့လိုက်ရပါသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၅၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၅၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၀၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲစင်းငုံ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖြန်းမြေဩဇာဝယ်ယူမှု သက်သာစေရန်အတွက် ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကန့်ဘလူ သြဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၅၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၁၉၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း မြေပဲ ၅၁၅၉၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၁၉၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း သြဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိချေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ဇူလိုင်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ စပါးအပါအဝင် လယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်လာတာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိချေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်ကြီးမြို့နယ် ပုန်းအယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး သြဂုတ် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုန်းအယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို သြဂုတ် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပုန်းအယ်ကျေးရွာရှိ ကျေးလက်နေပြည်သူများကို မိသားစုဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပုန်းအယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် သိန်း ၂၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၈၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**




# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဒိုက်ဦးမြို့နယ် သပြေတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**ဒိုက်ဦး သြဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒိုးတန်းကျေးရွာအုပ်စု သပြေတောကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက သပြေတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သပြေတောကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်း၊ အိမ်သုံးမီတာတပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇူလိုင် ၂၂ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သပြေတောကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

**ချိုလေး**


## ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing rides Nay Pyi Taw-Yangon passenger express train together with people, inspects maintenance and preservation of ancient Ketumati city of Toungoo, Bago Region


Senior General Min Aung Hlaing hears report on maintenance and preservation of ancient Ketumati city of Toungoo.


Senior General Min Aung Hlaing rides a Nay Pyi Taw-Yangon DEMU passenger express train together with public passengers.

**Nay Pyi Taw August 2**

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by Joint Executive Chief General Ye Win Oo of the National Defence and Security Council and officials, yesterday inspected maintenance and preservation of ancient cultural heritage sites in ancient Ketumati city, Toungoo, Bago Region.

The Senior General inspected agricultural activities residential areas on his way of the Yangon-Mandalay Highway from Nay Pyi Taw to Toungoo.

**Exploration and preservation of ancient cultural heritages in ancient Ketumati city of Toungoo**

On arrival in Toungoo, the Senior General and party inspected Yodaya Gate in the eastern wall, excavation and maintenance of the part of the western wall, the water moat, and the outer circular way of the wall in ancient Ketumati city. After hearing the reports submitted by Bago Region Chief Minister U Myo Swe Win and officials from the Department of Archaeology and National Museum, the Senior General gave guidance that strenuous efforts must be made to successfully conduct excavation of the ancient wall and the moat of ancient Ketumati city of Toungoo established by King Mingyi Nyo (AD 1485-1531). It is necessary to explore the bridge leading to the ancient city and the bridge designs and build these structures in appropriate sites. Moreover, the Senior General stressed the need to move necessary ministerial buildings. And, cultural heritage sites set under the law must be preserved systematically, and left necessary instructions.

**Progress of construction of Toungoo detour railway**

At Toungoo railway station, the Senior General heard reports by Union Minister for Transport and Communications U Mya Tun Oo on facts about the axis of railway and railroads related to construction of the Toungoo detour railway, a plan to build new Toungoo railway station, setting the railway area and the motor road area leading to the railway station, soil-filling works and progress of the projects.

In his response, the Senior General gave guidance that emphasis must be placed on construction of the quality railway and the new railway station in relevant procedures meeting the set standards for long-term existence and left necessary instructions.

**Riding 8-down Nay Pyi Taw-Yangon DEMU passenger express train together with passenger people**

Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla and entourage rode the 8-down Nay Pyi Taw-Yangon DEMU passenger express train which left Nay Pyi Taw Railway Station, together with passenger people from Toungoo railway station to Yangon railway station.

On the way, the Senior General viewed maintenance works for strengthening of railway sections, situations on riding of passenger people in carriages, services of Myanma Railways for the people to conveniently make relevant trips, agricultural activities along both sides of the railway, and development of urban and rural areas. Officials reported on these development activities.


Senior General Min Aung Hlaing inspects Yodaya Gate.

In giving guidance over the reports, the Senior General stressed the need to continuously carry out strengthening and systematic operations of railways. Proper landscape and drainage activities must be arranged along both sides of the railways. It is necessary to reclaim systematic farmlands along both sides of the railways. Emphasis must be placed on keeping station yards and station buildings neat and tidy. Small forests must be established in the railway areas to be green and beautified. Efforts must be made to give services to convenience of train passengers, attract internal and international travelers and secure reliance of people over the rail transport as the public transportation.

The Senior General warmly greeted and interacted with the passengers who travelled along with him on the train journey.

The Senior General, his wife and party arrived at Yangon railway station where they cordially greeted staff members of Myanma Railways.

Operation of Yangon-Nay Pyi Taw and Nay Pyi Taw-Yangon DEMU passenger express trains started on Yangon-Nay Pyi Taw railway section on 28 February 2025. The trains take some five and a half hours along the trip. Running of these new trains help passenger people along their routes reach relevant destinations in a short time conveniently and cost-effectively. 100

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects measures for security in Southern Command HQ area, meets families of the station



Senior General Min Aung Hlaing meets officers, other ranks and families of Toungoo Station.



**Nay Pyi Taw August 2**

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by senior military officers from Office of Commander-in-Chief, inspected measures taken for regional security in Southern Command Headquarters area and met with families of the station this morning.

The Senior General and party arrived at the command HQ, and heard a report on ongoing measures for security, peace and stability in the command area, formation of public security teams for peace and stability, and welfare programs for officers, other ranks and families, presented by the Command Commander Maj-Gen Kyi Thaik at the meeting hall.

In response, the Senior General gave guidance on the effectiveness of the measures for security, peace and stability in the area, elimination of illegal extraction of forest resources through systematic supervision, systematization of the unit-owned farming activities for families' welfare programs, effectiveness of the task to produce beneficial results and other matters.

Afterward, the Senior General delivered an address at the meeting with officers, other ranks and families of the station at the Aye-chanphyo Hall.

Also present were Daw Kyu Kyu Hla, wife of the Senior General, Commander-in-Chief (Navy) Admiral Htain Win and wife, Commander-in-Chief (Air) General Tun Aung and wife, and senior military officers from Office of Commander-in-Chief and wives.

In his speech, the Senior General said units/HQs should continuously carry out tasks that are necessary to do at a specific time. Tatmadawmen joined the Armed Forces of their own accord. As they are soldiers, they must always shoulder the duties assigned to them by the Tatmadaw. After the nation regained independence, political and ethnic disagreements occurred, followed by the internal armed strife that harmed the sovereignty. In this regard, the Tatmadaw had to protect sovereignty through arduous efforts. It gave priority to the perpetuation of sovereignty throughout the successive periods.



Senior General Min Aung Hlaing comforts a patient.



Daw Kyu Kyu Hla presents gifts for patients.

The country practiced a parliamentary system in the early post-independence period, and later, it adopted a centralized system under socialism. At that time, political differences appeared and in the business sphere, restrictions on the private sector created disagreements. In the administrative field also, unity disintegrated. Alien abetted black market had hit the domestic economy hard, and the illegal business of smuggling resources out of the country came to rise. In addition, climate change caused food insufficiency. Henceforth, the internal hardships of the country further grew till the Tatmadaw restored the State functions in 1988.

After the successful completion of the endeavours for steering the country towards multiparty democracy as aspired by the people, the Tatmadaw wrote the 2008 Constitution, held a referendum and introduced a multiparty democracy system in 2010. It made continuous efforts to further reinforce the system.

Regarding the economy, it is essential to have a market-oriented economic system that benefits both the public and the country. The government is actively encouraging economic activities that produce widespread public benefits over those that serve a single individual. Tatmadaw is working for the stability and peace of the nation. It must work to reduce political and ethnic differences in opinion. By acting in a uniform manner, the essence of democracy can be brought to fruition. Efforts were made during the first democratic government term in 2010 to bring all armed groups on the path to peace, and the Nationwide Ceasefire Agreement (NCA) was signed. However, some ethnic armed groups have not come to the path of peace due to external instigation. Armed conflicts have led to weaknesses in the education, health, and economic sectors. Therefore, we are continuing to strive for lasting peace throughout the country.

After 1988, while Tatmadaw assumed state duties, efforts were made to improve the education sector. However, due to various reasons and incitement by those who did not want the country to develop and have an abundance of educated people, educational weaknesses persisted. Regarding the enhancement of education, it was stated that school level education is essential for acquiring more advanced skills and enabling individuals to improve their lives. Therefore, it is necessary for everyone to cooperate and strive to ensure our children become educated youths. Similarly, efforts must be made to prevent a decrease in the pass rate. An abundance of educated individuals will enable a nation to more effectively carry out national development. A greater number of well-educated youths with higher-level thinking and foresight can also contribute to the nation's peace and stability.

Direct or indirect hate speech and instigation against the Tatmadaw was published

*See Page 14*

# Local authorities manage completion of growing green gram in ChaungU Township


A thriving green gram plantation.

**ChaungU August 2**

Data of ChaungU Township Department of Agriculture indicated that local farmers have planted 6,653 acres of rain-fed green gram in ChaungU Township of Sagaing Region.

During the 2025-2026 monsoon crop season, it has been planned to cultivate 14,030 acres of rain-fed green gram in ChaungU Township. Planting began in May this year, and as of today, 6,653 acres have already been cultivated.

"This year, over 14,000 acres of rain-fed green gram are planned for cultivation in ChaungU Township during the monsoon season. So far, more than 6,000 acres have been successfully planted. Efforts are ongoing to achieve the full target acreage. We are also conducting awareness activities to encourage farmers to expand cultivation and to use quality and pure seeds for higher yields," said U Tint Swe, Head of the ChaungU Township Agriculture Department.

This year, the township agriculture department is providing guidance to green gram farmers on using high-quality and region-appropriate seed varieties, proper cultivation techniques, pest prevention, systematic use of fertilizers, and yield improvement methods.

In addition, during this monsoon season, the department is collaborating with farmers to support the cultivation of various pulse crops, aiming to improve both yield and quality. This includes providing quality seeds, necessary inputs, and post-harvest management techniques.

206

# Dried spiny eel marketable in Maubin Township

**Maubin August 2**

Trading of dried spiny eels are in high demand at the domestic market in Maubin Township of Ayeyawady Region, said Daw Win Win Thu, the owner of assorted dried fish trading commodity in Maubin Township.

In Maubin Township, since the second week of July up to the present, there has been strong demand and good sales of locally produced dried spiny eels. These dried eels are not only sold in local markets but are also in high demand in cities like Pathein and Yangon.

"Sales picked up starting around the second week of this month. Right now, sales are significantly higher than usual. There's been an increase in orders from the Yangon market. The dried spiny eel business is a key local livelihood for residents. As demand for dried fish products increases, those involved in the spiny eel drying business across different areas are also doing well," said Daw Win Win Thu, a dried fish trader from Maubin Township.

In Maubin Township, dried fish traders purchase fresh spiny eels, then process them using methods such as sweetening, salting, and sun-drying to make them ready for consumption. The current market price for dried spiny eels ranges from K17,500 to K29,500 per viss.

Kyaw Kyaw Lin


Dried spiny eels.

# Over 5,000 acres of pigeon pea planted in YeU Township

**YeU August 2**

Statistics of YeU District Agriculture Department mentioned that a total of 5,231 acres of pigeon pea has been planted in YeU Township of Sagaing Region.

During the 2025–2026 monsoon crop season, it has been planned to cultivate 6,224 acres of pigeon peas in YeU Township. Planting began in May this year, and as of today, 5,231 acres have already been cultivated.

"This year, more than 6,000 acres of pigeon peas are planned to be cultivated in YeU Township during the monsoon season. So far, over 5,000 acres have been planted. Efforts are being made to meet the targeted acreage. At the same time, we are also working to ensure a good yield. Pigeon peas are being cultivated both as a sole crop and as an intercropped or relay crop," said U Zaw Myint Tun, Head of the YeU District Agriculture Department.

This year, the YeU Township Agriculture Department has been educating pigeon pea farmers on selecting quality and pure seeds, following proper cultivation methods, preventing pest risks, and improving yields through field-level technical support.

Furthermore, the YeU Township Agriculture Department is distributing information on cost-saving techniques for farmers to make foliar fertilizer. This method helps reduce cultivation costs, minimizes pest infestation, and promotes healthy plant growth. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 13*

during the term of the second democratic government (NLD). Similarly, the country suffered setbacks in all aspects due to failures in respective sectors including the economic and administrative sectors. The party sought to retain power by vote rigging in the 2020 multi-party democracy general election. Although the Tatmadaw warned the party to solve the vote rigging issues in accordance with the law repeatedly, it failed to do so and the Tatmadaw had to assume the responsibilities of the State.

Measures must be taken for equitable political, ethnic and economic development of the country and stable friendly relations with neighbouring countries and the international community. All Tatmadaw personnel are required to study and review the history of the country correctly to contribute to the interests of the country. It is necessary for all Tatmadaw personnel to make continued efforts to be troops that are capable of performing national defence duties.

In connection with the welfare of personnel, agriculture and livestock breeding tasks owned by battalions must be carried out correctly and fulfill the needs of officers, other ranks and families. Contributions can be made as much as possible to market stability by distributing meat, fish and eggs produced by agriculture and livestock breeding farms owned by battalions at reasonable prices to civilians. Plans are underway to hold a multi-party democracy general election and all personnel are urged to make concerted efforts for national development from respective capabilities.

Then, the Senior General presented foodstuffs for officers, other ranks and families of the station to the commander of the regional command and the wife of the Senior General presented cash rewards for the Maternal and Child Welfare Association of the station to the wife of the commander of the regional command.

After the meeting, the Senior General and wife and party cordially greeted the officers, other ranks and families who attended the meeting.

Then, the Senior General warmly inquired about injuries and recovery of officers and other ranks, who sustained injuries during the performance of national security and defence duties, one by one and spoke words of sympathy before attending to the needs based on their reports.

Afterward, the Senior General asked about the needs of the hospital and attended to the needs.

Similarly, the wife of the Senior General inquired about the health of families of officers and other ranks who were receiving medical treatments at the hospital and spoke words of sympathy to them before presenting foodstuffs to them. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်ကြည်းတပ်က Sentinel တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို စမ်းသပ်နိုင်ခဲ့



ဗြိတိန်ကြည်းတပ်သည် ကွန်ရက်ချိတ်ဆက်ထားသော ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းနှင့် အာရုံခံဒရုန်းများ အုပ်စုဖွဲ့၍ လုပ်ဆောင်နိုင်မည့် Sentinel တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို စမ်းသပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို တန်ပြန်ဒရုန်းစွမ်းဆောင်ရည်များ လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးထုတ်လုပ်၍ တပ်ဖြန့်အသုံးပြုနိုင်ရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသော Project Vanaheim ၏ တစ်စိတ်တစ်ပိုင်းအဖြစ် စမ်းသပ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ တောင်တန်းများနှင့် သစ်ပင်များနောက်မှ ပျံသန်းလာလေ့ရှိသော ပစ်မှတ်များကို ထောက်လှမ်းရာတွင် မြေပြင်အခြေစိုက် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဂျာမနီစွန့်ဦးတီထွင်ကုမ္ပဏီ Alpine Eagle က အဆိုပါစနစ်ကို တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မြေပြင်စိုက်အခြားစနစ်များနှင့်မတူဘဲ ရန်သူ့တန်ပြန်တိုက်ခိုက်မှုခံရနိုင်မည်မဟုတ်ပေ။ ပုံသေအခြေစိုက်စခန်းများနှင့် ယာဉ်တန်းများကို ကာကွယ်ရန်အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

Sentinel တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်တွင် အသေးစားဒရုန်းများ၊ မိုက်ခရိုဒရုန်းများနှင့် Loitering Munitions တိုက်ခိုက်ရေးဒရုန်းများအပါအဝင် ရန်သူ့မောင်းသူမဲ့လေယာဉ်စနစ်များကို ထောက်လှမ်းနိုင်ရန် ရေဒါတပ်ဆင်ထားသောဒရုန်းအုပ်တစ်အုပ် ပါဝင်ဖွဲ့စည်းထားသည်။ အဆိုပါဒရုန်းများသည် DJI Mini တစ်စီးအရွယ်အစားရှိ အသေးစားဒရုန်းတစ်စင်းကို အကွာအဝေး တစ်ကီလိုမီတာအတွင်း၌လည်းကောင်း၊ ပိုမိုကြီးမားသော ဒရုန်းတစ်စင်းကို အကွာအဝေး လေးကီလိုမီတာအတွင်း၌လည်းကောင်း ထောက်လှမ်းနိုင်စွမ်း ရှိမည်ဖြစ်သည်။ ထို့ပြင် အဆိုပါစနစ်အနေဖြင့် တောင်ပံပုံသေတပ်လေယာဉ်များ၊ ရဟတ်ယာဉ်များကဲ့သို့ ပိုမိုကြီးမားသောလေယာဉ်၊ ရဟတ်ယာဉ်နှင့် မြေပြင်သွားယာဉ်များကိုတည်နေရာဖော်ပြ၊ စိစစ်ခွဲခြားနိုင်မည်ဖြစ်သည်။

ဒရုန်းများ၏ကိုယ်ထည်တွင် တစ်ပါတည်းထည့်သွင်းပေးထားသော Onboard AI Software နှင့် အဆင့်မြင့်တွက်ချက်ရေးစနစ်တို့က ဒရုန်းအုပ်များမှရရှိလာသော ဒေတာအချက်အလက်များကိုနှိုင်းယှဉ်၍ ကြည်လင်ပြတ်သားမှုမရှိသော ပတ်ဝန်းကျင်အခြေအနေမျိုးတွင်ပင်လျှင် ပစ်မှတ်ကို စိစစ်ခွဲခြားနိုင်စေမည်ဖြစ်သည်။ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ ပြိုင်ဆိုင်မှု ပြင်းထန်သောအခြေအနေများတွင် လုပ်ဆောင်နိုင်ရန်နှင့် စစ်သည်တစ်ဦးတည်းမှ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ထိုသို့ ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်းအပြင် Sentinel တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်တွင် ပါဝင်ဖွဲ့စည်းထားသော ဒရုန်းများတွင် ရန်သူ့ပစ်မှတ်များကို ပစ်ချနိုင်ရန်ဝေဟင်မှ ဝေဟင်ပစ်ခဲယမ်းများ တပ်ဆင်ပေးထားနိုင်သည်။ ဒရုန်းတစ်စင်းစီလျှင် ဂရမ် ၃၀၀ အလေးချိန်ရှိ Payload များ သယ်ဆောင်နိုင်ပြီး အာရုံခံထောက်လှမ်းရေးဒရုန်းမှ ပံ့ပိုးပေးသော ရေဒါခြေရာခံထိန်းကျောင်းမှုကို အသုံးပြု၍ ပစ်လွှတ် တိုက်ခိုက်နိုင်မည်ဖြစ်သည်။ အဆိုပါဒရုန်းသည် အကွာအဝေး ငါးကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ တာဝေးစစ်ဆင်နိုင်ရန်အတွက် တောင်ပံပုံသေတပ်လေယာဉ် တစ်စင်းပေါ်တွင် တပ်ဆင်၍ပစ်လွှတ်နိုင်မည်ဖြစ်သည်။

လာမည့်နွေရာသီတွင် ပိုလန်နိုင်ငံ၌ တစ်ကျော့ပြန် စမ်းသပ်မှုများအတွက် တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်ရှစ်မျိုးကို ရွေးချယ်စမ်းသပ်သွားမည်ဖြစ်သည်။ ရွေးချယ်ထားသောတန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်များကို လာမည့်နွေရာသီအမေရိကန်နိုင်ငံတွင် ပြုလုပ်မည့် Convergence Capstone 6 သရုပ်ပြစမ်းသပ်ရေး လေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**British Army Trials Drone Swarm-Based Counter-UAS System ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှား၏ IGLA ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံးအသုံးပြုနေဆဲဖြစ်

ရုရှားနိုင်ငံ၏ IGLA ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည် (MANPAD) စနစ်သည် လက်ရှိအချိန်ထိ ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံး အသုံးပြုနေဆဲဖြစ်ကြောင်း Interesting Engineering သတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

IGLA ဒုံးကျည်စနစ်သည် အရွယ်အစားကျစ်လျစ်မှု၊ သယ်ယူရလွယ်ကူမှုနှင့် စစ်မြေပြင်တွင် ထိရောက်မှုရှိကြောင်း သက်သေပြနိုင်ခဲ့သောကြောင့် အထူးထင်ရှားသည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်လာခဲ့သည်။

စစ်အေးခေတ်ကာလတွင် မူလက တီထွင်ထုတ်လုပ်ခဲ့သည့် IGLA ဒုံးကျည်စနစ်သည် ခေတ်နှင့်အညီ အဆင့်မြှင့်တင်မှုများစွာ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၎င်းတွင် ပါဝင်သည့် အပူလှိုင်းကို လိုက်လံရှာဖွေပစ်ခတ်နိုင်သည့် စွမ်းရည်ကြောင့် ရဟတ်ယာဉ်များ၊ အနိမ့်ပျံသန်းသောလေယာဉ်များသာမက ခေတ်မီဒရုန်းတချို့အတွက်ပါ ကြီးမားသောခြိမ်းခြောက်မှုတစ်ခုဖြစ်လာသည်။ ၎င်းသည် အသုံးပြုရလွယ်ကူပြီး ဈေးနှုန်းသက်သာသောကြောင့် နိုင်ငံပေါင်းများစွာ၏ တပ်မတော်များအပြင် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများကြားတွင်ပါ ကျယ်ပြန့်စွာ အသုံးပြုလာခဲ့ကြသည်။

IGLA ဒုံးကျည်စနစ်၏ အဓိကအားသာချက်မှာ ပေါ့ပါးသည့်အလေးချိန်နှင့် သယ်ဆောင်ရလွယ်ကူမှုဖြစ်သည်။ ဒုံးကျည်ကိုယ်ထည်၏အလေးချိန်သည် ၁၀ ဒသမ ၈ ကီလိုဂရမ်ခန့်သာရှိပြီး ဒုံးပစ်လောင်ချာနှင့် အခြားဆက်စပ်ပစ္စည်းများအပါအဝင် စနစ်တစ်ခုလုံး၏ စုစုပေါင်းအလေးချိန်မှာ ၁၈ ကီလိုဂရမ်ခန့်သာရှိသည်။ ထို့ကြောင့် IGLA ဒုံးကျည်စနစ်သည် လှုပ်ရှားစစ်ဆင်နိုင်စွမ်းမြင့်မားကောင်းမွန်ပြီး စစ်သည်တစ်ဦးတည်း အလွယ်တကူသယ်ဆောင်နိုင်ကာ ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်တွင်ပင် လျင်မြန်စွာဖြန့်ကြက်အသုံးပြုနိုင်စွမ်းရှိသည်။

IGLA ဒုံးကျည်တစ်စင်းသည် ပစ်မှတ်များကို အကွာအဝေး ၅ ဒသမ ၂ ကီလိုမီတာနှင့် အမြင့် ၃ ဒသမ ၅ ကီလိုမီတာထိ ပုံမှန်ပစ်ခတ်တိုက်ခိုက်နိုင်သည်။ အဆင့်မြှင့်တင်ထားသည့် Igla-S အမျိုးအစားသည် အကွာအဝေးကိုခြောက်ကီလိုမီတာထိ တိုးချဲ့ထားသော်လည်း အမြင့်ပြောင်းလဲမှုမရှိပေ။ ဒုံးကျည်၏ ထိပ်ဖူးအလေးချိန်မှာ ပုံမှန်ဒုံးကျည်အတွက် ၁ ဒသမ ၁၇ ကီလိုဂရမ်ရှိပြီး Igla-S တွင်မူ ၂ ဒသမ ၅ ကီလိုဂရမ်ရှိသဖြင့် ပစ်မှတ်ကိုဖျက်ဆီးနိုင်သည့် စွမ်းရည်ကို ပိုမိုတိုးမြှင့်ပေးထားသည်။ ဒုံးကျည်၏ ပျံသန်းမှုနှုန်းသည် တစ်စက္ကန့်လျှင် မီတာ




၈၀၀ ရှိသောကြောင့် ရန်သူ့ပစ်မှတ်များကို လျင်မြန်စွာကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။

IGLA ဒုံးကျည်များသည် ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ ခရုစ်ဒုံးကျည်များနှင့် အသေးစားမောင်းသူမဲ့လေယာဉ်များ(ဒရုန်းများ) အပါအဝင် အနိမ့်ပျံသန်းသည့် ပစ်မှတ်အမျိုးမျိုးကို ထိရောက်စွာ တိုက်ခိုက်နိုင်သည်။ ၎င်းကို ပခုံးထမ်းပစ်နိုင်ခြင်းအပြင် ရေယာဉ်များသို့မဟုတ် မြေပြင်အခြေစိုက်စနစ်များဖြင့်လည်း တပ်ဆင်အသုံးပြုနိုင်သည်။ ရုရှားနိုင်ငံထုတ် IGLA ဒုံးကျည်စနစ်သည် ကုန်ကျစရိတ်သက်သာခြင်း၊ သယ်ဆောင်ရလွယ်ကူခြင်းနှင့် စစ်မြေပြင်တွင် ထိရောက်စွာတိုက်ပွဲဝင်နိုင်ခြင်း စသည့်အချက်များကြောင့် ခေတ်သစ်ပဋိပက္ခများတွင် အသုံးဝင်နေဆဲ လေကြောင်းရန်ကာကွယ်ရေးစွမ်းအားတစ်ခုဖြစ်သည်။ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူများလက်ထဲရောက်ရှိပါက အနိမ့်ပျံသန်းသည့် လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် ဒရုန်းများကိုပါ အလွယ်တကူတိုက်ခိုက်နိုင်ပြီး နိုင်ငံအများအပြားသို့ ပျံ့နှံ့နေသောကြောင့် လေကြောင်း စစ်ဆင်ရေးများအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

**The IGLA Missile: Cheap, Portable, and Deadly in the Right Hands ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

ရှေ့ဖုံးမှအဆက်

နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်၊ သစ်တောသယံဇာတများ တရားမဝင်ထုတ်ယူမှုမရှိစေရေး စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရန်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်၊ ဌာနချုပ်များအနေဖြင့် အချိန်အခါအလိုက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်ကပေးအပ်သည့် တာဝန်များကို စဉ်ဆက်မပြတ်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏ အချုပ်အခြာအာဏာထိခိုက်လာမှုအပေါ် တပ်မတော်က ကျားကုတ်ကျားခဲ ကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိခါစက ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးနောက် ပျက်ပြားလာခဲ့ကြောင်း၊ ပြည်ပနိုင်ငံများက အားပေးကူညီလုပ်ဆောင်ခဲ့သည့် မှောင်ခိုစီးပွားရေးများကြောင့်လည်း ပြည်တွင်းစီးပွားရေးကို ထိခိုက်ကျဆင်းစေခဲ့ပြီး တိုင်းပြည်၏ သယံဇာတများကိုလည်း ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲမှုများ များပြားကြောင်း၊ အလားတူ ရာသီဥတုဖောက်ပြန်မှုများကြောင့်လည်း စားရေရိက္ခာများရှားပါးမှု ပြဿနာများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်မှစတင်၍ နိုင်ငံအတွင်း အခက်အခဲအကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၈ ခုနှစ်လမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လိုကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက် မဟုတ်ဘဲ အများပြည်သူအတွက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့များအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိစေရေး ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ သို့သော် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှ သွေးထိုးပေးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်းမရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ

နေရန်လိုကြောင်း၊ တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ တပ်မတော်ကပေးအပ်သည့် တာဝန်များကို စဉ်ဆက်မပြတ်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ ဆိုရှယ်လစ်စနစ်၊ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကပိုင်းဆိုင်ရာများတွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများတွင် တပ်မတော်က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း။

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကိုရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ ပိုမိုအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများ နည်းပါးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားလုံးတစ်ပြေးညီ ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရ

များကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်မှ နိုင်ငံတာဝန်ယူခဲ့သည့်အချိန်တွင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်မှုများရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပညာရေးပိုင်းဆိုင်ရာ အားနည်းချက်များရှိခြင်း၊ နိုင်ငံအတွင်း ပညာတတ်များပေါများကြွယ်ဝပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူများ၏ သွေးထိုးလှုံ့ဆော်ခြင်းများကြောင့် နိုင်ငံတော်၌ ပညာရေးအားနည်းမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ အတန်းပညာရှိမှသာ အတတ်ပညာများ ပိုမိုတတ်မြောက်လာမည်ဖြစ်ပြီး မိမိတို့ဘဝတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏သားသမီးများ ပညာတတ်လူငယ်များဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာအတန်းအလိုက် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီဒုတိယအစိုးရ NLD အစိုးရသက်တမ်းကာလတွင် တပ်မတော်ကိုမုန်းတီးစေသည့် ရေးသားပြောဆိုမှုများ၊ လှုံ့ဆော်မှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်ကဆုတ်ယုတ်ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများလုပ်ဆောင်ပြီး ၎င်းတို့ပါတီ အာဏာရရှိရေးဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါမဲမသမာမှုကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် မိမိတို့အနေဖြင့် အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှု မရှိသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင်တစ်ပြေးညီ တည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တည်ငြိမ်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် တပ်များဖြစ်အောင် ပီပီပြင်ပြင်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

**တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံကောင်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလို . . .**

**တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် တပ်များဖြစ်အောင် ပီပီပြင်ပြင်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လို၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါးများနှင့် ဥများကို ပြင်ပသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းကြောင့် ဈေးကွက်တည်ငြိမ်မှုကို တတ်နိုင်သမျှ အထောက်အကူပြုနိုင်မည်ဖြစ် . . .**

သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးများနှင့် ဥများကို ပြင်ပသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းကြောင့် ဈေးကွက်တည်ငြိမ်မှုကို တတ်နိုင်သမျှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖဝဝ)





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

တောင်ငူမြို့သို့ရောက်ရှိကြပြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံး နေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက်မြို့ရိုးနေရာရှိ မြို့ရိုးတူး ဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျိုး နေရာနှင့် မြို့ရိုးအပြင်ပတ်လမ်း တစ်လျှောက်လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ရှေးဟောင်းသုတေသန နှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှတာဝန် ရှိသူများ၏ တင်ပြချက်များအပေါ် မင်းကြီးညို (အေဒီ၁၄၈၅ - ၁၅၃၁) တည် ထောင်ခဲ့သည့် တောင်ငူမြို့ ကေတုမတီ မြို့ဟောင်းရှေးဟောင်းမြို့ရိုးနှင့် ကျုံး တူးဖော်သုတေသနပြု လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ မြို့ဟောင်းအဝင်တံတားနေရာ များနှင့်တံတားပုံစံများကိုလည်းပြန်လည် ဆန်းစစ်ဖော်ထုတ်လေ့လာသွားရန်လိုပြီး တည်ဆောက်၍ ရနိုင်သည့်နေရာများတွင် တည်ဆောက်သွားရန်လိုကြောင်း၊ ပြောင်း ရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက် အအုံများကို ပြောင်းရွှေ့သွားရန်လို ကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှု အမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်းနှင့်အခြားလိုအပ်သည်များကို မှာကြားသည်။

**တောင်ငူမြို့ရှောင်ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူဘူတာသို့ ရောက်ရှိကြရာ ဘူတာရုံရှင်းလင်းဆောင်ဌာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း ဖောက်လုပ် ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ များနှင့်ပတ်သက်၍ ရထားလမ်းအကြောင်း နှင့်ရထားလမ်းဆိုင်ရာ အချက်အလက် များ၊ တောင်ငူဘူတာရုံအသစ်တည် ဆောက်ရန် လျာထားဆောင်ရွက်ထားရှိ မှု၊ ရထားလမ်းနှင့်ဘူတာအဝင်ကားလမ်း နယ်နိမိတ်သတ်မှတ်မှု၊ ဖို့မြေလုပ်ငန်း ဆောင်ရွက်သွားမည့် အစီအမံများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းနှင့် ဘူတာရုံအသစ်တည်ဆောက်ရာတွင် အစ ကောင်းမှ အနှောင်းသေချာဟူသည့် အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ် စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေး ပြည့်မီအောင် တည်ဆောက်သွားရန်လို ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**နေပြည်တော်-ရန်ကုန်အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားခရီးစဉ်အတိုင်း ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်း**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါ လာကြသည့် အဖွဲ့ဝင်များသည် နေပြည်တော်မှ ထွက်ခွာလာသည့် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားပေါ်တွင် စီးနင်း လိုက်ပါလာသည့် ခရီးသွားပြည်သူများနှင့် အတူ တောင်ငူဘူတာမှရန်ကုန်ဘူတာကြီး အထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်းသည်။

ထိုသို့လိုက်ပါစီးနင်းစဉ် ရထား လမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရထားတွဲဆိုင်းများ အတွင်း ခရီးသွားများလိုက်ပါစီးနင်းလျက် ရှိမှုအခြေအနေများ၊ ရထားဖြင့်သွားလာ လျက်ရှိသည့် ခရီးသွားပြည်သူများရထား စီးနင်းရာတွင် စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး မြန်မာ့မီးရထားမှ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေး ထားမှုအခြေအနေများနှင့် ထပ်မံဖြည့် ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည့် အခြေအနေများ၊ ရထားလမ်းဘေးဝဲယာရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိ မှုအခြေအနေများနှင့် မြို့ပြနှင့်ကျေးလက် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ထားရှိမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရထားလမ်းများကြံ့ခိုင် မှုရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လို ကြောင်း၊ ရထားလမ်းဘေးဝဲယာ တစ်လျှောက် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရေး ဆောင် ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေး ရှိ လယ်ယာမြေများကိုစနစ်ကျနသည့် လယ်ယာမြေများအဖြစ်ဖော်ထုတ်ဆောင် ရွက်သွားရန်လိုကြောင်း၊ ဘူတာယာဒ်ဝင်း နှင့် ဘူတာရုံများစနစ်တကျ ဖြစ်စေရေးနှင့် သန့်ရှင်းသာယာမှုများရှိစေရေး ဆောင် ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းနယ် များအတွင်း စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေသည့် သစ်တောငယ် များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ မီးရထားဖြင့် သွားလာလျက်ရှိသည့် မီးရထားစီးပြည်သူများ စိတ်လက်ချမ်းသာ စွာဖြင့် စီးနင်းလိုက်ပါနိုင်ရေးနှင့် ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်မှုရှိစေ ရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများ အားထားမှု **စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အနောက်ဘက်မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှု၊ ရေကျိုးနေရာထိန်းသိမ်းထားရှိမှုနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တောင်ငူဘူတာအသစ်တည်ဆောက်ရန် ပုံစံဒီဇိုင်းလျာထားမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများနှင့်အတူ တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်းစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ပိုမိုမြင့်တက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ရထားခရီးစဉ်တွင် အတူလိုက်ပါစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့်ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိကြပြီး မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ DEMU လူစီးအမြန်ရထားတွဲအသစ်များကို ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန်ရထားများ စတင်ပြေးဆွဲခဲ့ပြီး ပြေးဆွဲချိန် ၅ နာရီခွဲခန့်ကြာမြင့်ကြောင်း၊ ထိုသို့ DEMU လူစီးအမြန်ရထားတွဲအသစ်များ ပြေးဆွဲနိုင်ခဲ့သဖြင့် ရထားလမ်းပိုင်းတစ်လျှောက် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့သွားလိုရာခရီးသို့အချိန်တိုအတွင်း စိတ်အေးချမ်းသာစွာ၊ ဈေးနှုန်းသက်သာစွာဖြင့် စီးနင်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**ဘားအံ ဩဂုတ် ၂**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဘားအံခရိုင်အတွင်းသို့ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်ပွဲသို့တက်ရောက်၍ ဘားအံခရိုင်အတွင်း ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စု ၈၅၉၀ ၊ လူဦးရေ ၄၀၂၈၄ ဦးအတွက် ၂၀၂၅ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွက်တစ်ဦးလျှင် တစ်လငွေကျပ်နှစ်သောင်းနှုန်းဖြင့် သုံးလစာထောက်ပံ့ငွေကျပ် ၂၄၁၇၀၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၁၀) မူလတန်းလွန်ကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၇) မူလတန်းကျောင်းယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၁)ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၅)ရပ်ကွက် Cyclone Shelterရှိ ရေဘေးရှောင်အိမ်ထောင်စုများကို သွားရောက်တွေ့ဆုံအားပေးပြီး ဆန်ရိက္ခာဖိုးငွေနှင့် ဆန်၊ဆီ၊ကြက်ဥအစရှိသော စားသောက်ကုန်ပစ္စည်းများပေးအပ်ကာ အဆိုပါရေဘေးစခန်းများတွင် စေတနာရှင်အလှူရှင်များ လာရောက်လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများကို ရေဘေးသင့်ပြည်သူများထံ ဝေငှပေးသည်။

ထို့နောက် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတအား ဖူးမြော်ကြည်ညို၍ အဆိုပါကျောင်းတိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည်။

ယနေ့အထိ ရေဘေးသင့်ပြည်သူများကိုထောက်ပံ့ထားရှိမှုအနေဖြင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာနှင့်ခေါက်ဆွဲခြောက်ဖိုးငွေကျပ် ၇၄၁၅၃၂၅၀ နှင့်ကရင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၉၉ ဒသမ ၃၉ သန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ထားရှိပြီး ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မဲခေါင်-လန်ချန်းအကူအညီဖြင့်ဆောင်ရွက်မည့် အသိပညာပေးစင်တာနှင့် သိုလှောင်ရုံတည်ဆောက်မည့်မြေနေရာကိုလည်းကောင်း၊ပြည်နယ်အစိုးရအဖွဲ့ကဆောင်ရွက်ထားရှိသည့် လူငယ်စင်တာကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရိပ်သာအစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့်လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ဘားအံမြို့ ရေကြီးရေလျှံမှုလျော့ပါးရေးအတွက် ဘားအံ-ကော့ထော်ရွာသစ် ရေဘေးကာကွယ်ရေးတမံတည်ဆောက်ရေး၊ သံလွင်မြစ်အတွင်း သောင်တူးဖော်ခြင်းလုပ်ငန်းနှင့် ကော့လှိုက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# နောင်ချိုမြို့၌ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် အဆိုပါဒေသတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ လိုအပ်သည့် ပြုပြင်၊ပြင်ဆင်တည်ဆောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြရာ ယနေ့တွင် ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ပြည်သူ့ဆေးရုံအတွင်း တာဝန်ရှိသူများ လိုက်လံကြည့်ရှုစဉ်။

အဆိုပါနောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊သက်ဆိုင်ရာခရိုင်၊မြို့နယ်များမှ တာဝန်ရှိသူများ၊ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ပြည်သူ့ဆေးရုံဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်း၍ ဆေးရုံအား ဖွင့်လှစ်ပေးသည်။ ထို့နောက် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ ဆေးဝါးကုသထားရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကြသည်။

နောင်ချိုမြို့နယ် ပြည်သူဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန၊ နယ်မြေခံတပ်နယ်တပ်ရင်းများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များပူးပေါင်း၍ ပြည်သူ့ဆေးရုံအရေးပေါ်ဌာနနှင့် လူနာကုသဆောင်များပြုပြင်ခြင်း၊ရွှေ့လျားခွဲစိတ်ခန်းတပ်ဆင်ပေးခြင်း၊ ရွှေ့လျားဓာတ်မှန်စက်နှင့် အာထရာဆောင်းစက်များတပ်ဆင်ပေးခြင်းနှင့် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ယနေ့နံနက်ပိုင်းမှစ၍ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါပြည်သူ့ဆေးရုံအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်နေသည့်ကာလအတွင်းတွင်လည်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာဇူလိုင်၂၀ ရက်မှ ဩဂုတ် ၁ ရက်ထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၆၉၅ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက်ငါးနှစ်အောက်ကလေး ၁၇၅ ဦးကို ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံနေစဉ်။



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါးပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၄ ကျောင်း၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၉၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၉၅၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် အဆိုပါကျောင်းများ၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ပြီး မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့တစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

➤ ➤ ➤

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ပြည်စိုးညိမ်း






ငကြွဲနှင့် ဒေည့်မထ၊ မှည့်သမျှ ရွှေငွေ။
ဟဲ့အလှ မယ်မေရယ်၊ လယ်မြေနှံ့
ဖြန့်ကြဲ။
စိုက်ကြစို့ ဘာမဖြုံတယ်၊ ရတနာပုံ
ဆိုက်ဖို့မလွဲ။

ကျွန်တော်တို့ အလယ်တန်းကျောင်းသားဘဝက သင်ခဲ့ရသည့် အမျိုးသားစာဆိုကဗျာဆရာကြီး ဇော်ဂျီ၏တို့လယ်သမားဖုံထောက်သံကဗျာမှ ဖြစ်သည်။ ထိုဖုံထောက်သံကို စာသင်သားဘဝကတည်းက ကျွန်တော်တို့တစ်တွေ ပျော်ပျော်ရွှင်ရွှင်ရွတ်ခဲ့၊ ဆိုခဲ့၊ ဖတ်ခဲ့ကြသည်။ ကြားနာခဲ့ကြသည်။ နှစ်ကာလကြာညောင်း၍ ယနေ့တိုင်သည်အထိလည်း ကဗျာ၏အဓိပ္ပာယ်မှာ တိုး၍သာပြည့်ဝလေးနက်နေဆဲဖြစ်ပါ၏။ ဘာမဖြုံအောင်စိုက်ကြပါလျှင် ရတနာပုံဆိုက်ဖို့ မလွဲဆိုသည်မှာ ကျွန်တော်တို့နိုင်ငံ၏ ရေ မြေအနေအထားနှင့်ဆိုရပါသော်ခေတ်အဆက်ဆက်မှန်ကန်နေမည့် အရှိတရားတစ်ခုပင်။

တစ်ဆက်တည်းမှာပင် မူလတန်းအဆင့်တွင်သင်ကြားခဲ့ရသည့် “မြေကြီးကရွှေသီးရမည်”ဟူသော ဆိုရိုးစကားကိုလည်း သတိရမိပြန်သည်။ ဆိုလိုရင်းအနက်မှာ ကျွန်တော်တို့နိုင်ငံသည် သဘာဝသယံဇာတပစ္စည်းများကြွယ်ဝပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း နောင်လာနောက်သားများ သိရှိခံယူနိုင်ရန် ကျောင်းသင်ရိုးတွင် ထည့်သွင်းဖော်ပြခြင်း ဖြစ်တန်ရာသည်ဟု အောက်မေ့မိသည်။

နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များစီမံဆောင်ရွက်ရာတွင် သဘာဝသယံဇာတပစ္စည်းများထုတ်ယူခြင်းထက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပေါ် အဓိကဦးတည်သောနည်းလမ်းကို ပိုမိုရွေးချယ်သင့်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖြစ်စဉ်ဖြစ်ရပ်များက သက်သေခံနေကြသည်။ အကြောင်းမှာ သဘာဝသယံဇာတပစ္စည်းများထုတ်ယူခြင်းအပေါ် အလွန်အကျွံမှီခိုခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေရုံမျှမက တစ်ချိန်ချိန်တွင် နိုင်ငံသားတို့၏အနာဂတ်ကိုပါ ကြီးကြီးမားမား ခြိမ်းခြောက်လာနိုင်သောကြောင့်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ဖို့ဆိုလျှင် ရေခံမြေခံကစကားပြောသည်။ အရေးလည်းကြီးသည်။ လက်မှုဖြစ်စေ၊ စက်မှုဖြစ်စေ အဓိကအားဖြင့် စိုက်ပျိုးမြေအကျယ်အဝန်းနှင့် ရေအရင်းအမြစ်ပေါ်များကြွယ်ဝနေရန်လိုအပ်သည်။

ကျွန်တော်တို့နိုင်ငံ၏ ပထဝီဝင်အနေအထားမှာ အားရဖွယ်ကောင်းသည်။ မြေပြန့်ဒေသများ၊ လွင်ပြင်များ၊ ကုန်းပြင်မြင့်များ၊ တောင်တန်းများ စသည်ဖြင့် မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိသည်။ ရာသီဥတုတွင်လည်း အပူပိုင်းဒေသ၊ သမပိုင်းဒေသနှင့် အအေးပိုင်းဒေသဆိုပြီး သုံးမျိုးကွဲသည်။ ပင်လယ်ရေမျက်နှာပြင် အနိမ့်အမြင့်မှာလည်း မတူညီသည့်အတွက် ကမ္ဘာနှင့်အဝှမ်း သဘာဝအလျောက် ပေါက်ရောက်ရှင်သန်နေသော သစ်တောသစ်ပင်အများစုကို ကျွန်တော်တို့နိုင်ငံအနှံ့အပြားတွင် စုံလင်စွာတွေ့ရနိုင်သည်။

သက်ရှိလောကတွင် သတ္တဝါများနှင့် အပင်များအတွက် ရေကမရှိမဖြစ်လိုအပ်သော အခြေခံအကြောင်းတရားဖြစ်သည်။ အသက်သွေးကြောတမျှ အရေးပါသည်။ ရေဝတီမြစ်သည် ကျွန်တော်တို့နိုင်ငံအတွက် သဘာဝကပေးထားသော ဆုလာဘ်ကြီးဖြစ်သည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားကို ဖြတ်သန်း၍ မြောက်မှ တောင်သို့ စီးဆင်းနေသည်။ ၎င်းရေဝတီမြစ်ရေကိုအသုံးပြုပြီး မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီသည်အထိ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သော အခွင့်အလမ်းများ များစွာရှိနေသည်။ ကျွန်တော်တို့နိုင်ငံ အရှေ့ဘက်ပိုင်းတွင် သံလွင်မြစ်နှင့်စစ်တောင်းမြစ်၊ အနောက်ဘက်ပိုင်းဆိုလျှင် ချင်းတွင်းမြစ်၊ မဏိပူရမြစ်နှင့်ကုလားတန်မြစ်တို့က အသီးသီးစီးဆင်းနေကြသည်။ အခြားသောမြစ်ငယ်များနှင့် ချောင်းကြီးချောင်းငယ်အသွယ်သွယ်တို့ကလည်း ပြည်လုံးအနှံ့ ဝန်းပတ်ရစ်ခွေစီးဆင်းလျက်ရှိနေကြပြန်သေး၏။

မြေအကျယ်အဝန်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ဧရိယာစတုရန်းမိုင်ပေါင်းနှစ်သိန်းခြောက်သောင်းကျော်စတုရန်းမိုင်၊ တစ်နည်းအားဖြင့်ဧက ၁၆၈ သန်းရှိသည်ဟုဆိုနိုင်သည်။ ရေဝေရေလဲထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ဧက ၆၈ သန်းကို ချန်လှပ်ထားဦးမည်ဆိုလျှင်ပင် အသုံးပြုနိုင်သည့် မြေအကျယ်အဝန်းမှာ ဧကသန်း ၁၀၀ ကျန်ရှိနေဦးမည်ဖြစ်သည်။

သည်မျှ ကျယ်ပြန့်သော စိုက်ပျိုးမြေဧက၊ မတူကွဲပြားသော မြေမျက်နှာသွင်ပြင်၊ ရာသီဥတုအမျိုးမျိုးနှင့် မြစ်ချောင်းအင်းအိုင်များပေါများစွာတည်ရှိနေခြင်းမှာ နိုင်ငံတော်ရွှေသီးဖို့အခြေအနေကောင်းများဖြစ်ပေါ်လာစေရန် သဘာဝတရားက ဖန်တီးပေးထားလေသလားဟု ရည်ညွှန်းပြဆိုရတော့မည်ဖြစ်သည်။ ရေခံလည်းကောင်း၊ မြေခံလည်းကောင်းသဖြင့် စိုက်ပျိုးသီးနှံများနှင့် မွေးမြူရေးတိရစ္ဆာန်များကို နေရာဒေသအသီးသီးတွင် မိမိတို့စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးမွေးမြူနိုင်သည့်အခွင့်အလမ်းရှိသော နိုင်ငံတစ်နိုင်ငံဟုသာ ဂုဏ်ယူစွာဆိုလိုက်ချင်သည်။

ပင်စင်စားဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်တော်သည် မနက်မိုးလင်းသည်နှင့် နေ့စဉ်ထုတ်သတင်းစာတစ်စောင်စောင်ကို ဖတ်လိုက်ရမှ ချဉ်ခြင်းအာလယပြေပျောက်လေ့ရှိသည်။ ငယ်စဉ်ကတည်းက စွဲခဲ့သောအစွဲဖြစ်သည်။ သတင်းများရရှိမှုနှင့်ပတ်သက်၍ ကျွန်တော်တို့ငယ်ငယ်တုန်းကနှင့်စာလျှင် ယနေ့ခေတ်က ပို၍သတိကြီးကြီးထားဖွယ်ဖြစ်သည်။ ပိုင်းဖြတ်ဝေဖန်နိုင်သော ဆင်ခြင်တုံတရားအားနည်းလျှင် အားနည်းသည့်အလျောက် သတင်းတု၊ သတင်းလိမ်များက မိမိတို့၏နေ့စဉ်လူမှုဘဝကို ဖုံးလွှမ်းဝါးမျိုသွားနိုင်သောကြောင့်ဖြစ်သည်။

ဩဂုတ်လ ၁ ရက်နေ့ထုတ်သတင်းစာနောက်ကျောဖုံးများတွင် ထင်ထင်ရှားရှားဖော်ပြထားသည့် “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”ဟူသောအကြောင်းအရာသုံးခုကို သတိပြုလိုက်မိသည်။ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ရေမြေသဘာဝနှင့် အင်မတန်ဆီလျော်ကိုက်ညီသောအချက်များပင်ဖြစ်သည်။

နိုင်ငံတော်တွင် ရွှေသီးသကဲ့သို့ တစ်ပြည်လုံးချမ်းသာ၍ လူမှုစီးပွားဘဝများမြင့်မားစေဖို့ဆိုလျှင် ကနဦးအနေဖြင့် ပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရမည်သာဖြစ်သည်။ ခေတ်နှင့်အညီ တိုးတက်လာသော နည်းပညာရပ်များနှင့်အတူ ကျွန်တော်တို့၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ရောက်သည်အထိ တစ်ဆင့်ထက်တစ်ဆင့်မြင့်၍ ပူးပေါင်းဆောင်ရွက်ကြရမည်လည်းဖြစ်သည်။

နောက်တစ်ဆင့်တက်သော် ထိုစိုက်ပျိုးမွေးမြူရေးမှရရှိလာသော အခြေခံကုန်ကြမ်းများကိုပင်အခြေပြု၍ မိမိတို့ပြည်တွင်းမှာပင် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာအောင် စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်က ကျေးလက်နေပြည်သူများဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ခန့်မှာ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍတို့တွင် တစ်နည်းနည်းဖြင့် လုပ်ကိုင်နေကြသူများဖြစ်သည်။ ဒေသအလိုက်၊ လူဦးရေအလိုက် နေ့စဉ်လိုအပ်သော စားရေရိက္ခာများဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဆိုလျှင်ပင် ကျွဲကူးရေပါဆိုသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားလာပြီး ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာကြမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းစဉ်များတွင် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် အင်္ဂါရပ်လေးမျိုးပြည့်စုံကောင်းမွန်စေရန် နိုင်ငံတော်အစိုးရမှသည် သက်ဆိုင်ရာဌာနအသီးသီးနှင့် တောင်သူလယ်သမားများအထိ အသိတူ၊ အလုပ်တူ၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြသည်များကို တွေ့မြင်ကြားသိနေရသည်မှာ အားရစရာကောင်းလှသည်။

နိုင်ငံနှင့်အဝှမ်း နေရာဒေသတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါးစသည်တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေမျိုးရှိနေခြင်းမှာ ကျွန်တော်တို့နိုင်ငံအတွက် သဘာဝကပေးအပ်ထားသည့်အားသာချက်တစ်ရပ်ဟုဆိုရပါမည်။ ပြည်သူများနေ့စဉ်စားသုံးနေသည့် စားရေရိက္ခာဖူလုံရေးအတွက်မွေးမြူရေးလုပ်ငန်းများကလည်း စိုက်ပျိုးရေးလုပ်ငန်းများနည်းတူ အရေးကြီးသော မဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအောင်မြင်အောင် လုပ်ဆောင်ခြင်းဖြင့် စားသုံးသူများအတွက် ဖူလုံပေါများ၍ ဈေးနှုန်းသင့်တင့်အကျိုးဖြစ်ထွန်းစေသလို မွေးမြူသူများအနေဖြင့်လည်း လူမှုစီးပွားဘဝနှင့်အလုပ်အကိုင်အခွင့်အလမ်းများကို တိုးပွားလာစေမည်ဖြစ်သည်။

ထို့ထက်ပို၍ဆိုရပါလျှင် ထိုထိုသော စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ်တိုးတက်ထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံတော်အတွက် ကြီးမားသောအကျိုးဖြစ်ထွန်းစေမှုနှင့် အမျိုးသားအကျိုးစီးပွားကို မြင့်မားစေမည်လည်းဖြစ်သည်။

ကျွန်တော်တို့နိုင်ငံအနေဖြင့် အလုပ်လုပ်နိုင်သော ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ်အကျိုးရှိအောင် အလုပ်လုပ်နိုင်ရန်လိုအပ်နေသေးသည်ဟု ဆိုရမည်ဖြစ်သည်။ သည့်အတွက် နိုင်ငံတော်အနေဖြင့် အလုပ်လုပ်နိုင်ရန်အတွက် အခြေအနေကောင်းများ၊ အခွင့်အလမ်းကောင်းများကို စဉ်ဆက်မပြတ် ဖန်တီးပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။ အဓိကဦးစားပေးအနေဖြင့် လိုအပ်သော အရင်းအနှီးများနှင့်နည်းပညာများ လိုလေသေးမရှိ ဖြည့်ဆည်းပေးနေသည်ကို ထောက်ချင့်၍ သိနိုင်သည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် မိမိတို့အမျိုးသားအကျိုးစီးပွားကိုသာ အလေးထားဦးစားပေးလာကြသည်ကို စာမျက်နှာ ၂၂ သို့

**စာမျက်နှာ ၂၁ မှအဆက်**

တွေ့ရမည်ဖြစ်သည်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ GDP တိုးတက်လာရေးအတွက် ပြည်တွင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ သည့်အတွက် ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း နိုင်ငံ့ GDP တိုးတက်စေရေးအတွက် ရည်မှန်းချက်များခိုင်ခိုင်မာမာချမှတ်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် စွမ်းအားရှိသမျှအားထုတ်ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လပိုင်းအတွင်းက နိုင်ငံတော်အကြီးအကဲ၏ ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်သတင်းများကို ဖတ်လိုက်ရသည်။ ဘယ်လာရုစ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံရှိကြောင်း သိရှိရသည်။ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှ ရရှိမှုကပင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံမှ ၈ ဒသမ ၂ ဘီလီယံရှိသည်ဟုသိရသည်။ အားကျဖွယ်ကောင်းလှသည်။ ကျွန်တော်တို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်သာ ရှိသေးသည်။

ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်ပါက ဧရိယာအကျယ်အဝန်းသေးငယ်ခြင်း၊ လူနေထိုင်မှုအရ နည်းပါးခြင်းရှိသော်လည်း GDP မှာ မြင့်မားနေသည်ကိုလည်း သတိပြုမိသည်။ အဓိကအကြောင်းရင်းမှာ ခေတ်မီသည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ပြီး ရရှိလာသည့်ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မှုများပြားခြင်းကြောင့်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပြည်ပသို့ တွင်တွင်ကျယ်ကျယ်တင်ပို့နေသည်ကို တွေ့ရသည်။ တစ်ဖန် အဆင့်မီလယ်ထွန်စက်ပစ္စည်းများ ထုတ်လုပ်တင်ပို့သည့်နိုင်ငံလည်းဖြစ်သည်။ မွေးမြူရေးဘက်ကြည့်မည်ဆိုလျှင်လည်း နို့စားနွားကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျမွေးမြူသည်။ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး နို့ထွက်ပစ္စည်းများထုတ်လုပ်သည်။ ပြည်ပဈေးကွက်ကို အင်နှင့်အားနှင့်တင်ပို့သည်။ ဘယ်လာရုစ်နိုင်ငံသည် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားသာချက်တစ်ရပ်အဖြစ် အကျိုးရှိစွာအသုံးပြု၍ ပြည်ပပို့ထုတ်ကုန်များကို တွင်ကျယ်စွာထုတ်လုပ်ကြခြင်းပင်ဖြစ်သည်။

သို့ဆိုပါလျှင် ကျွန်တော်တို့နိုင်ငံသည်လည်း "သူ့မြေမှာ ဖြူ ပြာ ပွင့်ရင်ဖြင့်၊ ငါ့မြေမှာ နီဝါတင့် ရမပေါ့"ဆိုသော ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြေခံရေခံမြေခံကောင်းများရှိပြီးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံအတွင်းခေတ်မီနည်းစနစ်များဖြင့် အင်တိုက်အားတိုက်လုပ်ကိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုအထွက်နှုန်းလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ရှေးအစဉ်အဆက်တွင် တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ခဲ့ကြသောသက်သေသာဓကများလည်း များစွာရှိခဲ့ပြီးဖြစ်သည်။

နိုင်ငံ့စီးပွားကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ပသွင်းကုန်များအပေါ်တွင်သာ မှီခိုအားထားနေရခြင်းမျိုးမဟုတ်ဘဲ မိမိတို့ပြည်တွင်းမှာပင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက်လည်း ရေရှည်ကိုမြော်တွေး၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သည့်အတွက် နည်းပညာနှင့်ငွေကြေးအရင်းအနှီးများ ပြည့်စုံရန်လိုအပ်သည့်နည်းတူ လူသားအရင်းအမြစ်ကောင်းများ လုံလောက်စွာရှိနေရန်လည်း လိုအပ်သည်။

ဥပမာအားဖြင့် ကျွန်တော်တို့နိုင်ငံတွင် တည်ထောင်ပြီး စက်မှုဇုန် ၂၈ ဇုန်၊ စက်မှုရပ်ကွက်ငါးခုနှင့်ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းနှစ်ခုရှိသည်။ တည်ထောင်ပြီး စက်မှုဇုန်များတွင် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်အကြီးစားစက်မှုလုပ်ငန်းပေါင်း ၈၀၃၅ ခုရှိပြီး လုပ်သားပေါင်းငါးသိန်းငါးသောင်းကျော်ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်းသိရသည်။ နိုင်ငံတော်၏ပြည်ပပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးစက်မှုထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်လာပြီး စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်ကိုလည်း ကျွန်တော်တို့အားလုံးက ဝိုင်းဝန်းအားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ သီးနှံကုန်ကြမ်းအစွမ်းထက်မှုစုံသမျှ နည်းဟန်ထုံမွမ်း၍ တစ်ခန်းစက်မှုဇုန်သို့ တိုးမြှင့်ကြိုးပမ်းကြရမည်လည်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်လာသောနိုင်ငံများ၏ဖြစ်စဉ်ကိုကြည့်လျှင် နိုင်ငံအတွင်းမှာရှိသော အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME)လုပ်ငန်းများက အခြေခံကျသည့် တွန်းအားဖြစ်ကြောင်းတွေ့ရမည်ဖြစ်သည်။ MSME လုပ်ငန်းများသည် စီးပွားရေးကို နိုင်ငံလုံးအနှံ့တိုးတက်စေပြီး ပြည်သူများ၏လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်စွမ်းရှိသည်ကို တွေ့ရမည်ဖြစ်၏။

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကိုအခြေခံသည့် MSME လုပ်ငန်းများမှာ အစောပိုင်းကတည်းကပေါ်ထွန်းခဲ့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၂ ခုနှစ်ခန့်မှစပြီး အရှိန်အဟုန်နှင့် အထူးတလည် အားပေးဆောင်ရွက်ခဲ့သည်ကို သတိပြုမိရသည်။ ယနေ့ဆိုလျှင် အတိုင်းအတာတစ်ခုအထိ လုပ်ငန်းများလည်ပတ်ကာ အောင်မြင်မှုများရရှိနေပြီလည်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံမှ MSME လုပ်ငန်းအများစုမှာ စားသောက်ကုန်များဖြစ်နေသည်ကိုတွေ့ရပြီး အခြားဈေးကွက်ဝင်ထုတ်ကုန်များ၊ စက်မှုထုတ်ကုန်များနှင့် လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရန် ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

MSME လုပ်ငန်းများဆောင်ရွက်ရာတွင်ကုန်ကြမ်းရရှိရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ ထို့ကြောင့်လည်း ဒေသအလိုက်ထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့်လျှပ်စစ်ဓာတ်အားများကို နည်းလမ်းအသွယ်သွယ်ဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့်လူသားအရင်းအမြစ်ကောင်းများ ပြည့်စုံရန်လည်း လစ်ဟာမှုမရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ဥပမာအားဖြင့် တိုင်းဒေသကြီးများနှင့်ပြည်နယ်အသီးသီးတွင် စက်မှုစိုက်ပျိုးနှင့် မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဖွင့်လှစ်ပေးခဲ့သည်မှာ ၈၆ ကျောင်းရှိခဲ့ပြီဖြစ်သည်။

စင်စစ်အားဖြင့် MSME လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပြီး ပုံစံအမျိုးမျိုးသော စီးပွားရေးစနစ်များတွင် အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းစုဖြစ်သည်။ MSME လုပ်ငန်းများ ပုံမှန်ဖွံ့ဖြိုးတိုးတက်နေမည်ဆိုလျှင် စီးပွားရေးမတည်ငြိမ်သည့် ကာလများမှာပင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းကျောင်းပေးနိုင်စွမ်း ရှိကြောင်း လေ့လာတွေ့ရှိရသည်။ MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံအတွင်းငွေကြေးစီးဆင်းလည်ပတ်မှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ အညွှန်းကိန်းတစ်ခုဖြစ်သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု GDP ကိုလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများလူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကမောင်းနှင်အား တစ်ရပ်ပင်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ရာတွင် နည်းပညာများလွှဲပြောင်းပေးခြင်း၊ ကုန်စည်ပြပွဲများ ဖိတ်ခေါ်ပြသခြင်း၊ ဒေသတွင်း ထုတ်ကုန်ပြပွဲပြိုင်ပွဲများပြုလုပ်၍ ဆုများချီးမြှင့်ပေးခြင်း၊ လုပ်ငန်းအရွယ်အစားများ ကြီးမားလာစေရန် ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းများပေးခြင်း၊ အွန်လိုင်းဈေးကွက်ပလက်ဖောင်းများ ထူထောင်ပေးခြင်း၊ နိုင်ငံတကာကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် ဝင်ရောက်နိုင်ရန် အကူအညီပေးခြင်း၊ အရင်းအနှီးလိုအပ်ချက်အတွက် ချေးငွေရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် အားပေးကူညီလျက်ရှိသည်ကိုလည်း နိုင်ငံသားတစ်ယောက်အနေဖြင့် ဝမ်းမြောက်ဖွယ် တွေ့မြင်ကြားသိနေရသည်။

လုပ်ငန်းစဉ်တစ်လျှောက်တွင် ကုန်ထုတ်လုပ်ငန်းများအတွက် အရေးအကြီးဆုံးနှင့် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့် ကုန်ကြမ်းအား ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကိုသာ အဓိကထားသုံးစွဲထုတ်လုပ်ကြရမည်ဖြစ်သည်။ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲမှုမှသည် အရည်အသွေးမြင့်ထုတ်ကုန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာရမည်မှာ မလွဲကေန်ဖြစ်သည်။ တစ်နည်းဆိုရသော် နိုင်ငံတော်ရွှေသီးမည့် ရှေ့ခရီးအနာဂတ်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့်မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# မန္တလေးလျှပ်စစ်ကြိုးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတက္ကသိုလ်ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံတို့ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး သြဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မဟာအောင်မြေ မြို့နယ်ရှိ မန္တလေးလျှပ်စစ်ကြိုးကြောင့် လျှပ်စစ်ဓာတ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ် ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လျှပ်စစ်ဓာတ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော ပင်မဆောင် အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံတို့ကို ပြန်လည်ပြုပြင် တည်ဆောက်နေမှုများ နှင့်ပတ်သက်၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသမှုများအပေါ် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်အသင်း ဒိုင်းဆုရရှိ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် သြဂုတ် ၂**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို သြဂုတ် ၁ ရက်ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုရရှိကြသူများ၊ ဝိတ်တန်းလိုက် ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသော ကျိုင်းတုံတပ်နယ်အသင်းနှင့် ဒိုင်အဖွဲ့ဝင်များကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၁ ရက်ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗျာ)

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် သြဂုတ် ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းခတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၊ မိုင်းဆတ်မြို့၊ မိုင်းယောင်းမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗျာ)

## ထူးခြားသည့် နေ့အပူချိန်များ (၂-၈-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပုသိမ် | ၃၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဇလွန် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့ သယ်ဆောင်မည့် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း ဖမ်းဆီးရမိ

ပန်းတောင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်းတွင် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားနှစ်သန်း ဖမ်းဆီးရမိမှုအား ကွင်းဆက်အဆင့်ဆင့် ဖော်ထုတ်ဆောင်ရွက်မှု




ရန်ကုန်မှ ညောင်တုန်း-ဓနုဖြူ-ဟင်္သာတ-အင်္ဂပူ-မြန်အောင်လမ်းအတိုင်း ကြံခင်းသို့လည်းကောင်း၊ ကြံခင်းမှ ပန်းတောင်း-မင်းတုန်းလမ်းအတိုင်း ရခိုင်ပြည်နယ်သို့လည်းကောင်း သယ်ဆောင်ခြင်းဖြစ်။

နေပြည်တော် ဩဂုတ် ၂

ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့သယ်ဆောင်မည့် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် ည ၉ နာရီခွဲတွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ပန်းတောင်းမြို့နယ် ပုသိမ်-မုံရွာလမ်း ရေကျော်ကျေးရွာလမ်းဆုံအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း (ငင်းဒေသတန်ဖိုးငွေကျပ် သုံးဘီလီယံခန့်)ဖမ်းဆီးရမိခဲ့သည်။



စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်မှ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းနှင့် ပူးပေါင်းပါဝင်သူ ခင်မောင်လွင်တို့အား မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မြို့ပတ်လမ်းရှိနေအိမ်တွင်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို နေအိမ်၌ သိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့သူ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်ရှိ ကိုကိုနိုင်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မြတ်မင်းအား CANTER BOX ယာဉ်၊ MINICAB ယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကြံခင်းမြို့မှ ပန်းတောင်းမြို့နယ်သို့ လီဖန်းမော်တော်ယာဉ်ဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခဲ့သူ ကြံခင်းမြို့နယ် သဲဖြူကျေးရွာနေ စိုးမင်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခဲ့သည့် LIFAN အမျိုးအစား မော်တော်ယာဉ်တစ်စီးအား ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်သူ တင်အောင်မိုး၏ အစီအမံဖြင့် မင်းစည်သူနှင့် ဖိုးအေးတို့က ရန်ကုန်မြို့၌ ပန်းတောင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်ကြားရှိ နယ်စပ်သို့ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းထံ လွှဲအပ်ခဲ့ပြီး ကျော်ကျော်ဝင်း၊ ကိုကိုနိုင်နှင့် မြတ်မင်းတို့သည် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မြို့ရှိ ကိုကိုနိုင်၏နေအိမ်တွင် ခေတ္တသိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြောင်း၊ ကြံခင်းမှ ပန်းတောင်းသို့ LIFAN ယာဉ်ပိုင်ရှင် စိုးမင်းနှင့် ယာဉ်မောင်း တင့်ဆွေတို့က ဆက်လက် သယ်ဆောင်ခဲ့ကြပြီး ပန်းတောင်းမြို့နယ်မှတစ်ဆင့် ရဲနိုင်နှင့် မိုးထိတို့က ရခိုင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရွှေကူမြို့နယ်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ ပြည်သူ သုံးဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ၎င်းတို့အပေါ် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေကူမြို့အတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ "သိန်းကမ္ဘာ" သံတို၊ သံစရောင်းဝယ်ရေးဆိုင်ရှေ့သို့ ဗုံးသီးကျရောက် ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် အမှတ်(၁)ရပ်ကွက်နေ အခြေခံပညာ အလယ်တန်းကျောင်း(ခုံခမ်း)မှ ကျောင်းသားများဖြစ်သော မောင်မျိုးသော်တာအောင် ၁၂ နှစ်၊ မောင်လင်းရဝေအောင် ရှစ်နှစ်နှင့် အမှတ်(၁)ရပ်ကွက်နေ ဦးအောင်ကျော်ဦး ၄၉ နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသည့် အခြေခံပညာအလယ်တန်းကျောင်း(ခုံခမ်း)မှ ကျောင်းသားဖြစ်သူ မောင်ပိုင်ခန့်ကိုကို ၁၃ နှစ်၊ ဦးစိုးနိုင်ဦး ၄၁ နှစ်၊ ဒေါ်ခင်မာလွင် ၆၂ နှစ်၊ ဒေါ်ဝင်းသန္တာ ၂၆ နှစ်၊ မောင်ဝေယံမွန် ၁၅ နှစ်နှင့် ဒေါ်ခင်မြင့်(ခ)ခင်ဦး ၅၃ နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်နေမှုများကြောင့် ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ညောင်ဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာမ တစ်ဦးသေဆုံး

PDF အမည်ခံ အကြမ်းဖက် အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ် ခဲ့မှုကြောင့် မူလတန်းပြ ကျောင်းဆရာမ တစ်ဦး သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



နေပြည်တော် ဩဂုတ် ၂

PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်လူရွယ်များကို စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဆည်ရွာကျေးရွာ၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသမီး တစ်ဦး သေဆုံးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဇူလိုင် ၃၁ ရက် ည ၁၂ နာရီခွဲတွင် အဆိုပါကျေးရွာနေ ဆည်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ မူလတန်းပြကျောင်းဆရာမဖြစ်သူ ဒေါ်ဝါဝါမိုး ၄၀ နှစ်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဒေါ်ဝါဝါမိုးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ ဥဒေပမဲ့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၂၁၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေး ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၂၁၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၇၆ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ် မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၁၃၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နှမ်းကေ ၂၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးနေကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့

ကျိုက်လတ် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ကျိုက်လတ်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးမြွေထိုးခြောက် ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး စနစ်တကျ အခြောက်လှန်း တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးခြောက်တွေကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လ ပထမပတ်လောက် ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ တစ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၆၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကိုမှာယူအားတက်နေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့ လုပ်ငန်းပါ။ အခုလို ငါးခြောက်တွေ မှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက် လုပ်ငန်းနဲ့ ဆက်စပ်သူတွေအကုန်အဆင်ပြေ လာပါတယ်''ဟု ကျိုက်လတ်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီဝင်းက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ငါးခြောက်များကိုပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# နမ့်စန်မြို့နယ် လိုက်ခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

နမ့်စန် ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်လစ်ကျေးရွာအုပ်စု လိုက်ခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး စိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

နမ့်စန်မြို့နယ် လိုက်ခါးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၈၇ သိန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ သံသာ

# စာပေချစ်ပါ မိတ်သဟာ

- လူ့မိတ်ဆွေ စာပေမို့
စာဖတ်စို့ များသူငါ၊
အသိပညာ ဗဟုသုတ
ရကြမည်သာ၊
အဆိုအကောင်း ခွဲခြမ်းရာ
စာပေမှာ လမ်းမှန်ရှိ၊
အားလပ်ချိန် စာတွေဖတ်
မှတ်သားသင့်၏။

- စာဖတ်လျှင် ဘဝလှ
အောင်မြင်ရ ပန်းတိုင်ဆီ၊
အသိဉာဏ် လမ်းမမှား
ခမ်းနားပါသည်၊
စာပေက မြတ်ဂုဏ်ရည်
အသွင်တည် အကျိုးထူး၊
ဘဝကို အကောင်းဆုံးဖြင့်
ခြယ်မှုန်းပေါင်းကူး။

- စာချစ်အောင် သင်ကာပေး
တို့ရင်သွေး လက်ဆင့်ယူ၊
ဘဝကို ဦးဆောင်လှမ်း
ကြိုးပမ်းနည်းမူ၊
စာတတ်လျက် တံခွန်ထူ
မပန်းမပူ နေထိုင်ရ၊
လူငယ်တွေ စာမြတ်နိုးလို့
ကောင်းကျိုးပြည့်ဝ။ ။

မောင်မျိုးချစ်(အညာမြေ)

# ညောင်ရွှေမြို့နယ် အင်းပေါ်ခုံကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းပေါ်ခုံကျေးရွာအုပ်စု အင်းပေါ်ခုံကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက အင်းပေါ်ခုံကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၃၀ဖြင့် ဆောင်ရွက်သော ရက်ကန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)ဖြင့် အင်းပေါ်ခုံကျေးရွာ၌ ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ ဟိန်းထက်စိုး(မလှိုင်)

# ကြံပန်းတိုင်အထွက်နှုန်းရရှိရေး အားထည့်ကြိုးစားပေး

ဥမ္မာစိုး(သကြားထွက်)

**❖ ကြံခုတ်သိမ်းရာတွင် စိုက်ပျိုးထားသော မျိုးအလိုက် မှန်ကန်စွာခုတ်သိမ်းနိုင်ရန် ရင့်ချိန်ကို ကွင်းထဲတွင်ခန့်မှန်းတိုင်းတာသော ကြံရည် ပျစ်၊ ကျဲနှုန်းတိုင်းကိရိယာဖြစ်သည့် ရီဖရက်တိုမီတာဖြင့် ကြိုတင်တိုင်းတာစစ်ဆေး၍ ခုတ်သိမ်းခြင်းဆောင်ရွက်ရမည်။ မျိုးအတွက် ခုတ်သိမ်းမည်ဆိုပါက သက်တမ်းဆယ်လသားအတွင်း ခုတ်သိမ်းရမည်။ ကြိတ်ဝါးကြံအတွက် ကြံပေးသွင်းရောင်းချချိန်နှင့် ချိန်ကိုက်၍ နေ့စဉ်လိုအပ်သောပမာဏကိုသာ ခုတ်သိမ်းရမည်။❖**

မြန်မာနိုင်ငံသည် ရေမြေသဘာဝအရ ကြံဖြစ်ထွန်းမှု အနေအထားရှိခြင်း၊ လူသားအရင်းအမြစ်အရလုပ်ခစရိတ်သက်သာခြင်း၊ ကြံစိုက်ပျိုး၊ သကြားထုတ်လုပ်မှုဆိုင်ရာ နည်းပညာကျွမ်းကျင်သူများအထိုက်အလျောက်ရှိခြင်းနှင့် သကြားလိုအပ်ချက်ရှိနေသည့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည့် ဈေးကွက်အလားအလာရှိခြင်းတို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင်နှစ်စဉ် ဧကလေးသိန်းကျော်စိုက်ပျိုးလျက်ရှိပြီး အထွက်နှုန်းအနေဖြင့် ပျမ်းမျှ ၂၇ တန်ခန့်ထွက်ရှိသဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသည့် ကြံ၏ပန်းတိုင်အထွက်နှုန်းဖြစ်သော တစ်ဧကတန် ၃၀ ရရှိရေးနီးစပ်နေပြီဖြစ်ရာ ပန်းတိုင်အပြည့်အဝရရှိရေး ကြိုးပမ်း၍ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။

**မျိုးရွေးချယ်ခြင်း**

ရေမြေဒေသနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော အထွက်ကောင်းမျိုးကိုရွေးချယ်စိုက်ပျိုးရမည်။ အပင်သက် ၁၀ လထက်မပိုသော မျိုးဖြစ်ကပို၍သင့်တော်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနရှိ ကြံသုတေသနခြံများမှမျိုးစပ်၍ ကိုယ်ပိုင်မျိုးထုတ်လုပ်ခြင်း၊ ပြည်ပကြံမျိုးကောင်းများ တင်သွင်းစမ်းသပ်ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်ပြီးအထွက်ကောင်းကြံမျိုးများကို ကြံမျိုးသန့်အဖြစ်တစ်ရှူးနည်းဖြင့် မျိုးသန့်ထုတ်လုပ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်ကောင်းကြံမျိုးများအနေဖြင့်တရားဝင်ထုတ်ဝေထားသော အထွက်ကောင်းကြံမျိုးများမှာ နေပြည်တော်-၁၊ နဝဒေး-၂၊ နဝဒေး-၄၊နဝဒေး-၅၊ ပျဉ်းမနား-၆၊ ပျဉ်းမနား-၇၊ ပျဉ်းမနား-၈၊ ပျဉ်းမနား-၉ မျိုးတို့ဖြစ်သည်။

**မြေပြုပြင်ခြင်း**

ကြံသည် မြေချဉ်ငံဓာတ် ငါးဒသမငါးမှ ခုနစ်ဒသမ ငါးအတွင်းရှိသော မြေတွင်စိုက်ပျိုးနိုင်ပြီး အကောင်းဆုံးမြေချဉ်ငံဓာတ်မှာ ခြောက်မှ ခြောက်ဒသမငါးအတွင်းဖြစ်သည်။ ကြံစိုက်ပျိုးရန် အကောင်းဆုံးမြေမှာ နုံးမြေနှင့်သဲနုံးမြေဖြစ်သော်လည်း သဲအလွန်ဆန်သောမြေမှလွဲ၍ ကျန်မြေအမျိုးအစားများတွင်လည်း စိုက်ပျိုးနိုင်ပါသည်။

ကြံပင်၏ ၇၅ ရာခိုင်နှုန်းသော အမြစ်များသည် မြေအောက် (တစ်ပေမှတစ်ပေခွဲ) အတွင်းကြီးထွားပွားများနိုင်သဖြင့် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် ထွန်ယက်ပေးရန်လိုအပ်သည်။ မြေအမျိုးအစားအလိုက် စွမ်းအားမြင့်ထွန်စက်များဖြင့် ထယ်နှစ်၊ သုံးလွှာ၊ ထွန် သုံး၊ လေးလွှာဖြင့်ထယ်ရေးကောင်းရရှိအောင်ဆောင်ရွက်ရန်လိုအပ်သည်။ သို့မှသာ အပင်ပေါက် နှုန်းကောင်းစေရန်အတွက် မြေအစိုဓာတ်ထိန်းနိုင်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ပေါင်းမြက်များနှိမ်နင်းနိုင်ခြင်းနှင့် ကြံပင်ကြီးထွားဖွံ့ဖြိုးမှုနှင့် ယိုင်လဲမှုမှကာကွယ်ရန်အတွက် အမြစ်ဆင်းမှုကောင်းပြီး ရေနှင့်အာဟာရကိုကောင်းစွာစုပ်ယူနိုင်မည်ဖြစ်သည်။ ထယ်ထိုးပြီး မြေအစိုဓာတ်များနေပါက တစ်ပတ်ခန့်လှပ်ပေးထားရမည်။ ထွန်ယက်စဉ် မြေခံအဖြစ် နွားချေး၊ သဘာဝမြေဩဇာလှည်း(၁၀ မှ ၂၀)စီးခန့်ဖြန့်ထည့်ပေးရမည်။ အစိုဓာတ်ဆုံးရှုံးမှုနည်းပါးစေရန် ကြမ်းရိုက်ပေးရမည်။ ချက်ချင်း စိုက်မြောင်းဖော်စိုက်ပျိုးခြင်းမပြုဘဲ မြေတွင်းအစိုဓာတ်ပေါ်မူတည်၍ နုပ်ထယ်ရေးရရှိအောင်ဆောင်ရွက်ပေးသင့်ပါသည်။ ကြံတစ်မျိုးတည်းကိုသာ နှစ်စဉ်စိုက်ပျိုးခဲ့သောမြေဖြစ်ပါက မြေဆီလွှာဖွံ့ဖြိုး တိုးတက်စေရန်အတွက် သီးလှည့်စိုက်ပျိုးခြင်းနှင့် မြေကိုအနားပေး၍ သစ်စိမ်းမြေဩဇာစိုက်ပျိုးမြေမြှုပ်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်သည်။

**စိုက်ပျိုးခြင်း**

**စိုက်ချိန်** - ကြံသီးနှံသက်တမ်းမှာ ပျမ်းမျှတစ်နှစ်ဖြစ်ပြီး အေးမြခြောက်သွေ့သော အချိန်တွင် ရင့်မှည့်သဖြင့် စိုက်ချိန်၊ ခုတ်ချိန် တစ်ထပ်တည်းကျသည်။ ထို့ကြောင့် မြန်မာနိုင်ငံမြေပြန့်ဒေသများတွင် ကြံစိုက်ပျိုးရန် အသင့်တော်ဆုံးအချိန်မှာ အစိုဓာတ်ထိန်းသိမ်းနိုင်သောအချိန်ဖြစ်သည့် နိုဝင်ဘာလလယ်မှ ဇန်နဝါရီလထိ အကောင်းဆုံးဖြစ်သည်။ အအေးလွန်ကဲသော တောင်ပေါ်ဒေသတွင် ဖေဖော်ဝါရီလမှ မေလထိထားပြီးစိုက်ပျိုးမှ ကြံအပင်ပေါက်ကောင်းစေသည့် ပတ်ဝန်းကျင်ကိုရရှိမည်ဖြစ်သည်။ ထိုဒေသများတွင် ကြံစိုက်မြောင်း၌ ပလတ်စတစ်အုပ်စိုက်ပျိုးပါက ပုံမှန်စိုက်ပျိုးချိန် ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင်လည်း စိုက်ပျိုးပါက သတ်မှတ်အထွက်နှုန်းရရှိနိုင်သည်။ စိုက်ချိန်နောက်ကျခြင်း၊ မြေတွင်းအစိုဓာတ် လျော့နည်းခြင်းဖြစ်ပေါ်ပါက ရေသွင်းစိုက်ပျိုးပေးရပါမည်။

**စိုက်တန်းအကွာအဝေး**-စိုက်ပျိုးသည့်မြေဆီလွှာ၏အဆင့်အတန်း၊ ဒေသရာသီဥတုအခြေအနေ၊ စက်ကိရိယာအသုံးပြုနိုင်မှု၊ ကြံမျိုး၏ပင်ပွားထွက်နိုင်မှုစွမ်းရည်၊ ပေါင်းပေါက်ရောက်မှုအခြေအနေ၊ ပေါင်းသတ်ဆေးနှင့် ပေါင်းရှင်းကိရိယာအသုံးပြုနိုင်မှု၊ တောင်သူမိသားစုလုပ်အားအသုံးချနိုင်မှု စသည်တို့အပေါ်မူတည်၍ စိုက်တန်းအကွာအဝေးအား နှစ်ဒသမ ငါးပေမှ ငါးပေထိ စိုက်ပျိုးနိုင်သည်။

**မျိုးပိုင်းဆေးရည်စိမ်ခြင်း** -ပိုးမွှားကင်းစင်သော ကြံမျိုးချောင်းများကို နှစ်ဆစ်သို့မဟုတ် သုံးဆစ်ပိုင်းဖြတ်ပြီး ကြံမျိုးပိုင်းများကို မှိုရောဂါကာကွယ်ရန် မှိုသတ်ဆေး ၁၀၀ ဂရမ်ကို ရေ ၂၂ ဂါလန်တွင် နာရီဝက်ခန့်သို့မဟုတ် ထုံးလေးပိဿာကို ရေ ၁၀၀ ဂါလန်တွင်ဖျော်၍ နှစ်နာရီခန့်စိမ်ပြီး စိုက်ပျိုးရပါမည်။

**မျိုးနှုန်းထားနှင့် မျိုးပိုင်းချစိုက်ပျိုးခြင်း**- မျိုးအသုံးပြုရာတွင်လည်း ကြံစိုက်တန်းအကွာအဝေးနှင့် စိုက်ပျိုးမှုနည်းစနစ်အပေါ်မူတည်ပြီး တစ်ဧကလျှင် ကြံမျိုး လေး၊ ငါးတန်ထိ အသုံးပြုရမည်ဖြစ်ပါသည်။ ပန်းတိုင်အထွက် တန် ၃၀ နှင့်အထက်ရရှိစေရန် တစ်ဧကတွင် ခုတ်သိမ်းနိုင်သောကြံချောင်းအရေအတွက် ၂၀၀၀၀-၂၅၀၀၀ နှင့် ကြံတစ်ချောင်းအလေးချိန် ၉၅ ကျပ်သား - ၇၅ ကျပ်သားခန့်ရှိရန်လိုအပ်သည်။ မျိုးအဖြစ်အသုံးပြုသော ကြံမျိုးချောင်းများသည် ပိုးမွှားရောဂါကင်းစင်ပြီး ကြံချောင်းကို သုံးပုံပုံလျှင် အပေါ်ပိုင်းနှစ်ပုံကိုသာ မျိုးအဖြစ်အသုံးပြုသင့်သည်။ ဖြစ်နိုင်လျှင် မျိုးကြံခင်းသီးသန့်စိုက်ပျိုး၍ အသုံးပြုစိုက်ပျိုးပါက ကြံတစ်ချောင်းလုံးအသုံးပြုနိုင်သည်။ ကြံမျိုးပိုင်းချရာတွင် ကြံမျက်စေ့များကို ဘေးတစ်ဖက်တစ်ချက်ထား၍စိုက်ပျိုးရမည်။ မျိုးပိုင်းချပြီးက မြေဖုံးကြမ်းရိုက်ပေးရမည်။

**အပင်ပြုစုခြင်း**

**မြေဩဇာထည့်ခြင်း** - ကြံတစ်ဧကေ တန် ၃၀ ထွက်ရှိရန်အတွက် ယူရီးယား တစ်ဒသမငါးအိတ်၊ တီစူပါတစ်အိတ်နှင့် ပိုတက်ရှ်နှစ်ဒသမငါးအိတ် လိုအပ်သည်။ မြေခံတွင် ယူရီးယား သုညဒသမငါးအိတ်၊ တီစူပါတစ်အိတ်၊ ပိုတက်ရှ် သုညဒသမငါး အိတ်နှင့် ကျန်သောပမာဏ ယူရီးယားတစ်အိတ်၊ ပိုတက်ရှ်နှစ်အိတ်ကို ဘောင်လုံးချိန် အပြီးထည့်ပေးရမည်။ ကျွေးရမည့်မြေဩဇာပမာဏကို နှစ်ကြိမ်သုံးကြိမ်ခွဲကျွေးပါက အပင်အတွက် ပို၍အကျိုးရှိသည်။ မြေဆီလွှာဓာတ်ခွဲစစ်ဆေးပြီး လိုအပ်သောပမာဏကို တွက်ချက်ထည့်ပေးနိုင်ပါက ကုန်ကျစရိတ်သက်သာပြီး ပိုမိုထိရောက်မှုရှိသည်။ သဘာဝမြေဩဇာ (ကြံမြှုပ်ချေး၊ နွားချေး)တို့ကို တစ်ဧကလျှင် နှစ်တန်၊ သုံးတန်နှုန်းဖြင့် ဓာတ်မြေဩဇာနှင့် တွဲဖက်ထည့်သွင်းပေးရမည်။

**ရေသွင်းခြင်း** - ကြံသီးနှံသည် ရေလုံလောက်စွာလိုအပ်သောသီးနှံဖြစ်သည်။ ရာသီဥတုအခြေအနေကြောင့် စိုက်ချိန်အစိုဓာတ်နည်းပါက ရေသွင်းစိုက်ပျိုးရန်လိုအပ်သည်။ ရေလိုအပ်ချိန်သို့မဟုတ် ရေငတ်ချိန်ဖြစ်သော ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် အနည်းဆုံးရေ နှစ်ကြိမ်မှသုံးကြိမ် မဖြစ်မနေပေးသွင်းရမည်။ မိုးများသော ဒေသများတွင် ရေဝပ်ပါကအပင်ယိုင်လဲမှုမရှိစေရန်နှင့် ကြီးထွားမှုမရပ်တန့်စေရန်အတွက် ရေထုတ်မြောင်းများပြုလုပ်၍ မဖြစ်မနေရေထုတ်ပေးရမည်။

**ပင်သေပင်ပျောက်ဖာခြင်း**-မျိုးပိုင်းချစိုက်ပျိုးပြီး တစ်လမှ တစ်လခွဲအကြာ ကြံပင်ပေါက်စုံ၊ မစုံစစ်ဆေး၍ ပင်သေပင်ပျောက်နေရာများနှင့် တစ်ပေခွဲမှနှစ်ပေအကွာ ကွက်လပ်ဖြစ်ပါက ပျိုးပင်ငယ်များဖြင့် ဖာထေးစိုက်ပျိုးပေးရမည်။ ကြံပင်ပေါက်ရာခိုင်နှုန်း ၆၀ ရှိသင့်သည်။

**ပိုးမွှားရောဂါနှင့်ပေါင်းကာကွယ်ခြင်း**- ပိုးမွှား၊ ရောဂါကျရောက်မှုရှိ၊ မရှိကို ကြံပင်သက်တမ်းတစ်လျှောက်စစ်ဆေး၍လိုအပ်ပါက ပိုးသတ်ဆေးသုံး၍လည်းကောင်း၊ နုတ်ယူမီးရှို့ဖျက်ဆီး၍လည်းကောင်း၊ ဇီဝနည်းဖြင့်နှိမ်နင်း၍လည်းကောင်း၊ ဘက်စုံပိုးမွှားကာကွယ်ခြင်းဖြင့်လည်းကောင်း ကာကွယ်နှိမ်နင်းနိုင်သည်။ ပေါင်းပင်ကို မြေယာပြုပြင်ခြင်းဖြင့်လည်းကောင်း၊ စိုက်ပျိုးနည်းဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေးအသုံးပြုခြင်းဖြင့်လည်းကောင်း၊ စက်ကိရိယာသုံး၍လည်းကောင်း၊ လူဖြင့်လည်းကောင်း မြေဩဇာမကျွေးမီကာလအတွင်း ကာကွယ်နှိမ်နင်းရမည်။ ပေါင်လုံးပြီးချိန်မှမခုတ်ခင်အချိန်ထိ နွယ်ပေါင်းများရှိပါကနှိမ်နင်းပေးရမည်။

**ကြံရွက်ချခြင်း**- ကြံပင်လေဝင်လေထွက်ကောင်းပြီး ရင့်မှည့်မှုညီညာရန်၊ မီးဘေးအန္တရာယ်မှ ကာကွယ်ရန်၊ ခုတ်သိမ်းရလွယ်ကူရန်နှင့် ပိုးမွှား၊ ရောဂါခိုအောင်းခြင်းမှ ကာကွယ်ရန် ကြံပင်ကြီးထွားချိန်နောက်ပိုင်း ကြံရွက်ခြောက်များကို ကြံရွက်ချခြင်းဆောင်ရွက်ရမည်။

**ကြံခုတ်သိမ်းခြင်း**

ကြံခုတ်သိမ်းရာတွင် စိုက်ပျိုးထားသော မျိုးအလိုက် မှန်ကန်စွာခုတ်သိမ်းနိုင်ရန် ရင့်ချိန်ကို ကွင်းထဲတွင် ခန့်မှန်းတိုင်းတာသော ကြံရည် ပျစ်၊ ကျဲနှုန်းတိုင်းကိရိယာဖြစ်သည့် ရီဖရက်တိုမီတာဖြင့် ကြိုတင်တိုင်းတာစစ်ဆေး၍ ခုတ်သိမ်းခြင်းဆောင်ရွက်ရမည်။ မျိုးအတွက် ခုတ်သိမ်းမည်ဆိုပါက သက်တမ်းဆယ်လသားအတွင်း ခုတ်သိမ်းရမည်။ ကြိတ်ဝါးကြံအတွက် ကြံပေးသွင်းရောင်းချချိန်နှင့် ချိန်ကိုက်၍ နေ့စဉ်လိုအပ်သောပမာဏကိုသာ ခုတ်သိမ်းရမည်။ အလေအလွင့်မရှိစေရန် ကြံပင်ခြေမြေကြီးနှင့်ကပ်၍ ခုတ်သိမ်းခြင်း၊ အဖျားပိုင်းများ၊ ကြံရွက်ခြောက်များ၊ အမြစ်များပါမသွားစေရန်နှင့် ကောက်သင်းကောက်ခြင်းကို မဖြစ်မနေဆောင်ရွက်ရမည်။ ခုတ်သိမ်းပြီးရင့်မှည့်သန့်စင်သော ကြံများကို စက်ရုံ၊ ကြိတ်ဖိုသို့ ၄၈ နာရီထက် နောက်မကျစေဘဲ ပေးပို့ကြိတ်ဝါးရမည်။ စိုက်ခင်းအဆင့်တွင် ကြံခင်းကို မီးမရှို့ဘဲခုတ်သိမ်းရမည်။ မီးရှို့ပါက ကြံရည်၏ အချိုဓာတ်ကို လျော့ကျစေသောကြောင့်ဖြစ်သည်။ မီးလောင်ကြံဖြစ်ပါက စက်ရုံ၊ ကြိတ်ဖိုသို့ ၂၄ နာရီထက်နောက်မကျစေဘဲ ပေးပို့ကြိတ်ဝါးရမည်။

**အထွက်နှုန်းဈေးကွက်**

ခုတ်သိမ်းထွက်ရှိလာသောကြံများကို သကြားစက်ရုံသို့ရောင်းချမည်ဆိုပါက ကြံတစ်တန်လျှင် ၁၅၀၀၀၀ ကျပ်ဈေးနှင့် ရောင်းချပါက ကြံတန် ၃၀ လျှင် ငွေကျပ် ၄၅ သိန်းရရှိပြီး ၁၇၅၀၀၀ ကျပ်ဈေးနှင့် ရောင်းချပါက ကြံတန် ၃၀ လျှင် ငွေကျပ် ၅၂ သိန်း ၅ သောင်း ဝင်ငွေရရှိမည်ဖြစ်သည်။ သကြားစက်ရုံများအနေဖြင့်ကြံတန် ၃၀ ကြိတ်ဝါးလျှင် သကြား ၁၈၀၀ ပိဿာနှင့် တင်လဲရည် တစ်ဒသမ နှစ်တန်ခန့် အသီးသီးထွက်ရှိနိုင်သည်။ သကြားတစ်ပိဿာလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် သကြား ၁၈၀၀ ပိဿာအတွက် ၉၀၀၀၀၀၀ ကျပ်နှင့် တင်လဲရည် ၁ တန်လျှင် ၆၀၀၀၀၀ နှုန်းဖြင့် တစ်ဒသမ နှစ်တန်အတွက် ၇၂၀၀၀၀ ရရှိမည်ဖြစ်သည့်အတွက် သကြားစက်ရုံများတွင် သကြားနှင့်တင်လဲရည်တို့မှရရှိသည့် ဝင်ငွေမှာ ၉၇၂၀၀၀၀ ခန့်ဖြစ်သည်။ ကြံသကာကြိတ်မည်ဆိုလျှင် တစ်တန်လျှင် ၅၅ ပိဿာနှုန်းဖြင့် တန် ၃၀ လျှင် ၁၆၅၀ ပိဿာထွက်ရှိမည်ဖြစ်သည်။ ယခုပေါက်ဈေး ကြံသကာတစ်ပိဿာ ၆၀၀၀ ကျပ်နှုန်းဖြင့် ပိဿာ ၁၆၅၀ အတွက် ဝင်ငွေ ၉၉၀၀၀၀၀ ရရှိနိုင်မည်ဖြစ်သည်။ ကြံသကာချက်လုပ်ရာတွင် ဈေးကွက်အခြေအနေအရ အများအပြား ထုတ်လုပ်နိုင်မှုနှင့် ဈေးနှုန်းပေါ်တွင် ကန့်သတ်ချက်ရှိပါသည်။

တောင်သူများဝင်ငွေတိုးစေရေး နိုင်ငံတော်မှ ပန်းတိုင်အထွက်နှုန်းတိုးစေရေး နည်းပညာများပေးခြင်း၊ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးခြင်း၊ ကြံစိုက်စက်များဖြင့်စိုက်ပျိုးနိုင်ရေး ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့်အတွက် တန် ၃၀ အထွက် ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၈၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၈၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းဧက ၁၄၀၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၈၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ပဲတီစိမ်းဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာစေရန်၊ မြို့ပြနှင့် ကျေးလက် ကွာဟမှုကိုလျှော့ချနိုင်စေရန်ရည်ရွယ်၍ အရှေ့ကန်ဘောင်ကျေးရွာအုပ်စု အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိမရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်က ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာ ဒေသထွက် နွေစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ဆန်ဈေးအနေနဲ့တော့ အတက်အကျမရှိ ပုံမှန်အခြေအနေမှာရှိပါတယ်။ ရန်ကုန်ဈေးကွက်က အခု ဩဂုတ်လထဲမှာလဲ မအူပင်မြို့နယ်က ဆန်တွေကို အဝယ်လိုက်နေပါတယ်"ဟု မအူပင်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် ဖောင်တင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်တင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဖောင်တင်ကျေးရွာ၌ ရေတိ၊ သခွားစိုက်ပျိုးထားရှိမှုအခြေအနေများ၊ အသားစားကြက်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဖောင်တင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးကို ငွေကျပ် ၃၁ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၀၀ ကို ငွေကျပ် ၁၃ ဒသမ ၃၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်က ပြောပြ၍ သိရသည်။

**ကိုညီ**

# ကျိုင်းတုံမြို့နယ် ဝမ်ဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုင်းတုံ ဩဂုတ် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းကျိန်ကျေးရွာအုပ်စု ဝမ်ဆာကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းက ဝမ်ဆာကျေးရွာရှိ ကျေးလက်နေပြည်သူများ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်ဆာကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အတွေးမှန်နှင့် ကြိုးစားကြပါစို့

ညွန့်ဝင်း(နတ်တလင်း)

**❖လူငယ်တို့သည် ပညာမသင်ဘဲ၊ ဆရာကောင်း၊ ဆရာမြတ်တို့၏ သင်ကြားလမ်းညွှန်မှုကို ကြားနာမှတ်သားမှုမရှိဘဲ၊ လက်တွေ့လောက၏ ပြင်ပဗဟုသုတများကို မရှာဖွေဘဲနေကြလျှင် သူတစ်ပါး၏ လွှမ်းမိုးခြယ်လှယ်ခြင်းကိုသာခံရပြီး အရာရာကို သင့်မသင့်၊ တော်မတော်၊ မှန်မမှန် ချင့်ချိန်ဝေဖန်နိုင်စွမ်း ရှိတော့မည်မဟုတ်ပေ။ မှန်ကန်စွာဝေဖန်ပိုင်းဖြတ်နိုင်စွမ်းမရှိသောလူငယ်သည် အတွေးအမြင်မှားများကြောင့် လမ်းမှားသို့သာလိုက်မိမည်ဖြစ်သည်။ ဤအမှားသည် လူငယ်တို့၏ဘဝကို ဆုတ်ယုတ်ပျက်စီးစေမည်သာဖြစ်သည်။ ပညာမသင်၍ တွေးခေါ်မြော်မြင်မှုမရှိသောလူငယ်တို့သည် ကိုယ်ကျိုးရှာအမြတ်ထုတ်လိုသူတို့၏ ချုပ်ကိုင်အသုံးချခြင်းကို ခံရမည်ဖြစ်သည်။ ❖**

ကျွန်တော်တို့ငယ်ငယ် မူလတန်းကျောင်းသားဘဝက ကုဋေရှစ်ဆယ်သူဌေးသားအကြောင်းကို ကဗျာလေးနှင့် သင်ကြားခဲ့ရသည်။ မိဘက ချမ်းသာကြွယ်ဝ၍ပစ္စည်းဥစ္စာများသည် ၎င်းတို့သားတစ်သက်စား၍မကုန်နိုင်၊ မဆင်းရဲနိုင်ဟု ယူဆခဲ့သည်။ ထို့ကြောင့် သားကို ပညာမသင်စေဘဲ အိမ်မှာသာနေစေခဲ့သည်။ သူဌေးသားသည် ပညာမသင်ခဲ့သဖြင့် မိဘများကွယ်လွန်ပြီးနောက် သူတစ်ပါး၏ လိမ်လည်လှည့်ဖြားမှုကိုခံရပြီး ဆင်းရဲသွားခဲ့သည်။

လူငယ်ဟူသည် တန်ဖိုးမဖြတ်နိုင်သောအနာဂတ်ရတနာကလေးများဖြစ်ရာ အသိပညာ၊ အတတ်ပညာဝမ်းစာများပြည့်ဝနေအောင် ပညာကို လေ့လာဆည်းပူးထားရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာပြည့်ဝမှသာ မှန်ကန်သောအသိ၊ မှန်ကန်သောအမြင်များဖြင့် ဘဝကို တိုးတက်အောင်မြင်အောင်ကြိုးစားနိုင်ကြမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာများပြည့်ဝရန် ငယ်ရွယ်စဉ်ဘဝကတည်းက မိဘ၊ ဆရာ၊ ဆရာမများ၏ ဆုံးမသွန်သင်မှုကို လိုက်နာ၍ ပညာသင်ယူရာဌာနဖြစ်သော ကျောင်းများတွင် ကြိုးစားသင်ယူကြရပေမည်။

လူ့ဘဝကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြသော်လည်း အနှစ်ချုပ်လိုက်လျှင် မွေးဖွားချိန်မှ သေဆုံးချိန်ထိ ကာလကို ဘဝဟု သတ်မှတ်ကြရသည်သာဖြစ်သည်။ ကျွန်ုပ်တို့သည် လူဖြစ်လာကတည်းက ဘဝကို ရပ်တည်နိုင်အောင် ကိုယ်ပိုင်အတွေးအခေါ် ကိုယ်ပိုင်စွမ်းအားများဖြင့် ကြိုးစားကြရသည်။ မွေးစကလေးတစ်ဦးသည် ဘဝကို ရပ်တည်နိုင်အောင် မည်သို့စတင်ကြိုးစားခဲ့သည်ကို လေ့လာရာတွင် ၎င်း၏ဆာလောင်မှုအတွက် အာဟာရဖြည့်မှုနှင့် အပေါ့အလေးစွန့်မှု၊ နာကျင်မှုကိုသိစေလိုမှု စသည်တို့ကို ငိုကြွေးပြခြင်းဖြင့် မိဘကိုအသိပေးကာ ဖြည့်စွက်ကြပေသည်။ ၎င်းသည် အရွယ်နှင့်ဆီလျော်သော ကြိုးစားမှုပင်ဖြစ်သည်။ ထို့နောက် တဖြည်းဖြည်းကြီးထွားလာသောအခါ မိမိဘာသာ တစ်ဖက်စောင်းနိုင်အောင်၊ ဝမ်းလျားမှောက်နိုင်အောင် အားထုတ်ကြိုးပမ်းကြရသည်။ ဤသို့ဖြင့် မိမိဘာသာငုတ်တုတ်ထိုင်နိုင်အောင်၊ လမ်းလျှောက်နိုင်အောင် ဆက်လက်ကြိုးစားကာ တိုးတက်မှုရလာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ဘဝကို ဆက်လက်ရပ်တည်၍ တိုးတက်မှုရရှိအောင် ကိုယ်တိုင်သင်ယူဆည်းပူးကာ ကြိုးစားလုပ်ကိုင် ခရီးဆက်ကြရပေသည်။ ဤတွင် မိမိဘဝကို မည်မျှတိုးတက်အောင် ကြိုးစားလုပ်ကိုင်နိုင်သည်ဟူသောအချက်သည် မိမိမည်မျှစဉ်းစားတွေးခေါ်မှုမှန်ကန်စွာနှင့် မည်မျှကြိုးစားနိုင်သည်ဟူသောအချက်တို့အပေါ်တွင် မူတည်နေပေသည်။ မှန်ကန်စွာစဉ်းစားတွေးခေါ်လုပ်ကိုင်နိုင်ရန် မှန်ကန်သောအသိပညာ၊ အတတ်ပညာဝမ်းစာပြည့်ဝနေရမည်ဖြစ်သည်။ မှန်ကန်သော အသိပညာ၊ အတတ်ပညာဝမ်းစာကို ဆရာသမားများထံမှ သင်ယူရရှိနိုင်သည်။ အသိပညာ၊ အတတ်ပညာများ ရှာဖွေစုဆောင်းရာ၌လည်း ရိုးသားကြိုးစားစွာရယူလိုမှုသည်သာ အရေးကြီးသည်။

ယနေ့ပညာခေတ်တွင် အရွယ်အလိုက်လေ့လာဆည်းပူးသင်ယူနိုင်အောင် နိုင်ငံတော်က ပညာရေးကဏ္ဍလိုအပ်ချက်များကို အဘက်ဘက်မှ ပံ့ပိုးပေးကာ အနာဂတ်ရတနာရင်သွေးငယ်များကို ပြုစုပျိုးထောင်ပေးနေသည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံတော်၏ စေတနာကို သိနားလည်လျက် မိမိဘဝတိုးတက်ရေးအတွက် ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်အောင် အခြေခံပညာများပြည့်ဝရေး အလေးထားသင်ယူဖြည့်ဆည်းသင့်ပေသည်။ ဆရာသမားတို့သည် ကျောင်းသား၊ ကျောင်းသူလူငယ်တို့ကို အသိအလိမ္မာများ၊ အတတ်ပညာများ နည်းမှန်လမ်းမှန်ဖြစ်အောင် သင်ကြားပို့ချပေးပြီး ပညာသင်ယူနည်း၊ တွေးခေါ်နည်းများကို လမ်းညွှန်ကြရပေမည်။ ထိုလမ်းညွှန်ချက်များနှင့်အညီ လူငယ်တို့သည် မိမိကိုယ်ကို အားကိုး၍ ဆရာ၊ ဆရာမများ၏ သင်ကြားမှုကို ကြိုးစားသင်ယူကာ ရရှိလာသည့်မှန်ကန်သောအသိပညာ၊ အတတ်ပညာများနှင့် အတွေးမှန်၊ အလုပ်မှန်အောင် အားထုတ်ကြရပေမည်။ မှန်ကန်သော အသိပညာ၊ အတတ်ပညာများသည် ဆရာသမားတို့ထံမှသာ ရနိုင်သည်။

ယနေ့မျက်မှောက်ခေတ်တွင် လူငယ်တို့သည် ပယောဂမျိုးစုံနှင့် တွေ့ကြုံရင်ဆိုင်နေရပေသည်။ လူများတွင် ကောင်းရာအသိပညာ၊ အတတ်ပညာများကို သင်ကြားလမ်းညွှန်သော ဆရာကောင်းများရှိသကဲ့သို့ လမ်းမှားကိုရောက်ရှိအောင် ဆွဲဆောင်သောလူတချို့လည်းရှိနေပေသည်။ လူငယ်များသည် စူးစမ်းလုပ်ကိုင်လိုသည်၊ စိတ်မြန်၍ သွက်လက်ဖျတ်လတ်သည်။ အသစ်အဆန်းကို ရှာဖွေသည်။ အတွေ့အကြုံမရင့်ကျက်သေးသောလူငယ်များက ၎င်းတို့၏ မာယာကိုမသိဘဲ အတွေးမှား၊ အမြင်မှားများဖြင့် စိတ်မြန်လက်မြန်လုပ်ကိုင်မိတတ်ကြသည်။ ထိုအခါ အမှားလုပ်ရပ်များကို ကျူးလွန်မိကြပြီး ဆင်းရဲဒုက္ခပင်လယ်ဝေကြရတော့သည်။ ထို့ကြောင့် လူငယ်တို့သည် အတွေးမှန်၊ အမြင်မှန်များဖြင့် ဘဝတိုးတက်ရေးကို မှန်ကန်စွာကြိုးစားလုပ်ကိုင်နိုင်စေရန် ပညာသင်ယူရမည့်အချိန်တွင် ပညာကိုသာ အပတ်တကုတ်သင်ယူကာ မိမိဘဝကို တိုးတက်အောင်မြင်အောင် ကြိုးစားကြရမည်ဖြစ်သည်။

လူငယ်တစ်ဦးသည် အောင်မြင်တိုးတက်သောဘဝကို တည်ဆောက်နိုင်ရန် နည်းလမ်းရှာဖွေရာ၌ အချိန်ရှိခိုက် လုံ့လစိုက်ဆိုသကဲ့သို့ ပညာသင်ယူခြင်းဖြင့် ဘဝအောင်မြင်မှုနည်းမှန်လမ်းမှန်တို့ကို ရှာဖွေရမည်ဖြစ်သည်။ ပြောင်းလဲတိုးတက်လာသော နည်းပညာခေတ်ကြီးတွင် နည်းပညာ၏ရေစီးတွင် မှန်ကန်စွာစီးမျောလုပ်ကိုင်နိုင်ရမည်။ ယနေ့ခေတ်တွင် သိပ္ပံပညာအစွမ်းဖြင့် ဖုန်းများတီထွင်ဖန်တီး၍ အင်တာနက်အသုံးပြုမှုများ တိုးတက်လာသည်။ ထိုအခါ လူငယ်အများစုသည် ဖေ့စ်ဘွတ်အပါအဝင် အမျိုးမျိုးသောလူမှုကွန်ရက်များကို ဖုန်းတစ်လုံးနှင့် ထမင်းမေ့၊ ဟင်းမေ့ အချိန်ဖြုန်းကြသည်။ လူမှုကွန်ရက်ကိုအသုံးပြု၍ စာဖတ်သည်၊ နည်းပညာအတတ်ပညာများ ရှာဖွေသူမှာ ရှိတော့ရှိသည် ရှားပါးလှသည်။ လူငယ်များအနေဖြင့် ဖုန်းကို လိုအပ်သောကဏ္ဍများတွင် စနစ်တကျအသုံးပြုကြပြီး စာပေလေ့လာခြင်း၊ သင်ယူခြင်းကို စွဲစွဲမြဲမြဲပြုလုပ်သင့်သည်။ စာပေပညာမပြည့်ဝသူလူငယ်များသည် အတွေးအခေါ်မှားများဖြင့် အကြမ်းဖက်လုပ်ငန်းများကို ကြိုးဆွဲခိုင်းစေသူတို့ အကြိုက် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ဤသို့ ဆုတ်ယုတ်မှုသဘောဆောင်သောအခြေအနေများမှ လူငယ်များ ရုန်းထွက်နိုင်အောင်ကြိုးစားပြီး စာပေကို သင်ယူလေ့လာ၍ အတွေးအခေါ်မှန်သောလူငယ်များဖြစ်အောင် ပြုပြင်သင့်သည်။ တိုးတက်သောနိုင်ငံများသည် ပညာသင်ယူခြင်း၏ အကျိုးကို သိနားလည်ကြပြီး လူငယ်များသည် အရွယ်အလိုက် ပညာကိုသာ ရှာဖွေသင်ယူသည့်အလေ့အထကို စွဲမြဲစွာလုပ်ကိုင်နေကြသည်။ မိမိတို့နိုင်ငံရှိ လူငယ်များသည်လည်း ပညာသင်ရာ၌ ပျော်မွေ့စွာစာပေသင်ယူခြင်းဖြင့် အသိပညာ၊ အတတ်ပညာပြည့်ဝသော၊ အောင်မြင်တိုးတက်သောလူမှုဘဝကို ကြိုးစားဖန်တီးရမည်ဖြစ်သည်။

လူငယ်တို့သည် ပညာမသင်ဘဲ၊ ဆရာကောင်း၊ ဆရာမြတ်တို့၏ သင်ကြားလမ်းညွှန်မှုကို ကြားနာမှတ်သားမှုမရှိဘဲ၊ လက်တွေ့လောက၏ ပြင်ပဗဟုသုတများကို မရှာဖွေဘဲနေကြလျှင် သူတစ်ပါး၏ လွှမ်းမိုးခြယ်လှယ်ခြင်းကိုသာခံရပြီး အရာရာကို သင့်မသင့်၊ တော်မတော်၊ မှန်မမှန် ချင့်ချိန်ဝေဖန်နိုင်စွမ်းရှိတော့မည်မဟုတ်ပေ။ မှန်ကန်စွာဝေဖန်ပိုင်းဖြတ်နိုင်စွမ်းမရှိသောလူငယ်သည် အတွေးအမြင်မှားများကြောင့် လမ်းမှားသို့သာ လိုက်မိမည်ဖြစ်သည်။ ဤအမှားသည် လူငယ်တို့၏ဘဝကို ဆုတ်ယုတ် ပျက်စီးစေမည်သာဖြစ်သည်။ ပညာမသင်၍ တွေးခေါ်မြော်မြင်မှုမရှိသော လူငယ်တို့သည် ကိုယ်ကျိုးရှာအမြတ်ထုတ်လိုသူတို့၏ ချုပ်ကိုင်အသုံးချခြင်းကို ခံရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်တို့သည် အတွေးမှန်၊ အမြင်မှန်များဖြင့် ဘဝကို ခံ့ညားလှပထည်ဝါအောင် တည်ဆောက်နိုင်စေရန် ငယ်စဉ်အခါ ပညာရှာဆိုသည့်အတိုင်း ပညာကိုသာ ကြိုးစားသင်ကြားရယူသင့်ကြပေသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ
- ပညာသည်သာရတနာ (ဦးသန်းဦး)

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၆၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပုသိမ် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၆၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၉၃၇၅၆ ကေကို ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ သီးနှံစုံ ၁၂၆၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၁၂၆၂၅ ကေတွင် စပါး ၁၀၀၉၇ ကေ၊ စားဖိုဆောင်သီးနှံ ၃၁၁ ကေ၊ ဂေါ်ရခါး ၄၄ ကေ၊ ပဲစင်းငုံ ၄၇ ကေ၊ မြေပဲ ၁၀၁ ကေ၊ ဖူးစားပြောင်း ၂၀၂၅ ကေတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ပုသိမ်ခရိုင်အတွင်းမှာ သီးနှံစုံတွေကို လျာထားကေပြည့်မီအောင် စိုက်ပျိုးနေပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာတော့ စပါးသီးနှံကို အများဆုံးစိုက်ပျိုးပါတယ်။ ဒီနှစ်စိုက်ပျိုးမဲ့ သီးနှံစုံတွေကို အချိန်မီစိုက်ပျိုးပြီးစီးဖို့၊ လျာထားကေပြည့်မီစေဖို့နဲ့ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ သီးနှံစုံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ်ကျရောက်မဖျက်ဆီးစေဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။



သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## သစ်ရွက်ကလေးနှင့် ခဲလုံးကလေး

ကလေးတို့ရေ ဒီတစ်ပတ်ပုံပြင်အစီအစဉ်ကနေ ဦးဦးပြောပြပေးချင်တဲ့ပုံပြင်လေးကတော့ ''သစ်ရွက်ကလေးနှင့် ခဲလုံးကလေး''ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုထဲမှာ သိပ်ပြီးခင်မင်ရင်းနှီးကြတဲ့ သစ်ရွက်ကလေးရယ်၊ ခဲလုံးကလေးရယ်ဆိုပြီး သူငယ်ချင်းနှစ်ယောက်ရှိသတဲ့ကွယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ကူညီရိုင်းပင်းကြရင်းနဲ့ ခင်ခင်မင်မင်နေထိုင်ကြသတဲ့။

"သစ်ရွက်ကလေးရေ တို့တွေ ဒီနေ့တောလည်ထွက်ကြရအောင်"လို့ ခဲလုံးကလေးက ခေါ်တဲ့အခါတိုင်း သစ်ရွက်ကလေးက အမြဲတမ်း မညည်းမညူနဲ့ လိုက်လေ့ရှိသလို သစ်ရွက်ကလေးကလဲ "ခဲလုံးကလေးရေ တို့တွေဒီနေ့တော့ မြေပြန့်ဘက်ကို ခရီးထွက်ကြမယ်ကွာ"လို့ ခေါ်တဲ့အခါမျိုးမှာလဲ ခဲလုံးကလေးက အမြဲတမ်းလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ ဘာပဲလုပ်လုပ် အတူတူတတွဲတွဲရှိကြပြီး ချစ်ချစ်ခင်ခင်နေကြတယ်တဲ့ကွယ်။ တစ်နေ့တော့ သူတို့နှစ်ယောက် ခရီးထွက်လာကြတုန်း မိုးဖွဲကလေးတွေကျလာတာနဲ့ကြုံသတဲ့။ အဲဒီအခါ ခဲလုံးကလေးမှာ မိုးရေတွေစိုရွှဲကုန်တော့ အရည်ပျော်ပြီး ဒုက္ခရောက်နေတာပေါ့။ ဒါပေမဲ့ သစ်ရွက်ကလေးက သူငယ်ချင်းကောင်းပီသစွာနဲ့ပဲ ခဲလုံးကလေးအပေါ်ကို အုပ်မိုးပေးထားသတဲ့။ အဲဒါကြောင့်ပဲ ခဲလုံးကလေးက ဒုက္ခမရောက်တော့ဘဲ အဆင်ပြေသွားတော့သတဲ့။

ဒီလိုနဲ့ နောက်တစ်ရက်ရောက်တော့ လေတွေက ခပ်ကြမ်းကြမ်းကလေး တိုက်ခတ်လာတာနဲ့ကြုံရပြန်သတဲ့။ အဲဒီအခါမှာ သစ်ရွက်ကလေးက လေနောက်ကို လွင့်ပါမသွားရအောင် ခဲလုံးကလေးကို အကူညီတောင်းတော့ ခဲလုံးကလေးကလဲ ဒုက္ခရောက်နေတဲ့ သစ်ရွက်ကလေးကို သူငယ်ချင်းကောင်းပီသစွာနဲ့ပဲ လေနောက်ကို လွင့်ပါမသွားရအောင်ဖိပေးထားသတဲ့ကွယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ကူညီရိုင်းပင်းကြရင်း၊ ခင်ခင်မင်မင် နေထိုင်ကြရင်း သူတို့သွားချင်နေတဲ့ ပန်းတိုင်ဆီကို တရွေ့ရွေ့နဲ့ သွားနေကြသတဲ့ကွယ်။ အဲဒီလိုနဲ့ ရာသီဥတုဆိုးရွားလှတဲ့ နှစ်တစ်နှစ်နဲ့ကြုံကြရပြန်သတဲ့။ အဲဒီအခါသစ်ရွက်ကလေးက "ခဲလုံးကလေးရေ ဟိုးခပ်ဝေးဝေးမှာတော့ တို့ရောက်ချင်တဲ့ ပန်းတိုင်ကို တွေ့နေရပြီ။ ဒါပေမဲ့ ရာသီဥတုကလဲ မကောင်းဘူး



ကွယ်"လို့ပြောသတဲ့။ အဲဒီအခါ ခဲလုံးကလေးက "တို့သွားချင်တဲ့ပန်းတိုင်ကို မြင်နေရပြီပဲ သွားကြတာပေါ့။ ရာသီဥတုမကောင်းတော့လဲ တစ်ယောက်ကို တစ်ယောက် ကူညီရိုင်းပင်းကြရင်းနဲ့ ကြုံလာသမျှ အခက်အခဲတွေကို အတူတူရင်ဆိုင်ကြတာပေါ့"လို့ ပြောကာ နှစ်ယောက်သား သွားကြဖို့ပြင်ဆင်ကြတော့သတဲ့ကွယ်။

အဲဒီအချိန်မှာ အရာရာကို ကြိုတင်ဆင်ခြင်နေတဲ့ ပညာရှိသစ်ပင်ကြီးက သူတို့နှစ်ယောက်ကို အခုလို ဆုံးမစကားပြောကြားသတဲ့။ "သစ်ရွက်ကလေးနဲ့ ခဲလုံးကလေးတို့ရေ ကိုယ်ရောက်ချင်တဲ့ပန်းတိုင်ကို မြင်နေရပြီဆိုပေမဲ့ သတိလက်လွတ်မဖြစ်သင့်ဘူး။ အချို့အရာတွေက ပန်းတိုင်နားရောက်မှ ကျရှုံးသွားကြတဲ့ သာဓကတွေအများကြီးရှိတယ်ကွဲ့။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကူညီရိုင်းပင်းနိုင်ကြတယ်ဆိုပေမဲ့ ကိုယ်မမြင်နိုင်တဲ့ ဘေးအန္တရာယ်တွေကိုလဲ ကြိုတွေးပြီးဆင်ခြင်သင့်တယ်။ ကောင်းကင်မှာ မိုးသားတိမ်တောင်တွေနဲ့ လေမုန်တိုင်းအန္တရာယ်တွေလဲရှိနေတယ်။ အဲဒါကြောင့် လောလောဆယ် ဘေးကင်းလုံခြုံတဲ့နေရာမှာ ခဏလောက်နားနေကြပါအုံး"လို့ ဆုံးမစကားပြောသတဲ့ကွယ်။

ဒါပေမဲ့လဲ သစ်ရွက်ကလေးနဲ့ ခဲလုံးကလေးဟာ ပညာရှိသစ်ပင်ကြီးရဲ့စကားကို နားမထောင် မယုံကြည်ဘဲ သူတို့မြင်နေရတဲ့ သူတို့ရဲ့ပန်းတိုင်ကလေးဆီကို ထွက်သွားကြတော့သတဲ့။ သူတို့နှစ်ယောက် တရွေ့ရွေ့နဲ့သွားနေကြရင်း ပန်းတိုင်နားရောက်ခါနီးမှာပဲ ပညာရှိသစ်ပင်ကြီးပြောသလို မိုးကော၊ လေကော သည်းထန်လာတာနဲ့ ကြုံရတော့သတဲ့ကွယ်။ အဲဒီအခါ သစ်ရွက်ကလေးနဲ့ ခဲလုံးကလေးတို့မှာ "သစ်ရွက်ကလေးရေ ငါ့ကိုမိုးရေတွေစိုကုန်လို့ ငါတော့အရည်ပျော်ကျတော့မယ်။ ငါ့ကို မိုးပေးထားပါအုံး"လို့ ခဲလုံးကလေးက အော်ပြီး အကူအညီတောင်းသလို သစ်ရွက်ကလေးကလဲ "ခဲလုံးကလေးရေ ငါ့မှာလဲ လေတိုက်လို့လွင့်ထွက်နေပြီ ငါကိုဖိထားပေးပါအုံး"လို့ပြန်ပြီး အကူအညီတောင်းပြန်သတဲ့ကွယ်။ ဒီလိုနဲ့ သစ်ရွက်ကလေးနဲ့ ခဲလုံးကလေးတို့ဟာ တစ်ယောက်နဲ့တစ်ယောက် "မိုးပေးပါအုံး၊ ဖိပေးပါအုံး၊ ဖိပေးပါအုံး၊ မိုးပေးပါအုံး"နဲ့ တစ်ယောက်နဲ့တစ်ယောက် မိုးလိုက်ဖိလိုက်နဲ့ပဲ မိုးဒဏ်လေဒဏ်တွေကြောင့် သစ်ရွက်ကလေးဟာ စုတ်ပြဲပြီး လွင့်စဉ်ပျောက်ကွယ်သွားသလို ခဲလုံးကလေးကလဲ အရည်ပျော်ပြီး ပျောက်ကွယ်သွားတော့သတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒီလောက်ပါပဲကလေးတို့ရေ။ ပုံပြင်လေးထဲက သစ်ရွက်ကလေးနဲ့ခဲလုံးကလေးဟာ ပညာရှိသစ်ပင်ကြီးရဲ့စကားကို နားမထောင်ကြတာကြောင့် သူတို့သွားချင်တဲ့ပန်းတိုင်ကိုမရောက်တော့ဘဲ ဒုက္ခရောက်သွားကြတာပေါ့ကွယ်။ ကဲ...ကလေးတို့တွေလဲ ဒီပုံပြင်လေးကို သင်ခန်းစာယူပြီး လူကြီး၊ မိဘ၊ ဆရာသမားတွေရဲ့ ဆုံးမသွန်သင်မှုတွေကို နားထောင်မှတ်သားပြီး အောင်မြင်မှုပန်းတိုင်ဆီ မရောက်ရောက်အောင် သွားနိုင်ကြပါစေလို့ ဦးဦးက တိုက်တွန်းပြောကြားလိုက်ရပါတယ်ကွယ်။

**ကိုရွှေတောသား(ဆင်ကူး)**

## ငါတို့စာသင်ကျောင်း

♦ ခေါင်းလောင်းထိုးသံကြားလိုက်လျှင်
အလံတိုင် ရှေ့တွင်၊
ကျောင်းသားစုံလင် ကျောင်းသူတို့
အလေးပြုကြစို့။

♦ အမှောင်ခွင်းဖို့ စာကျက်သံ
မိုးထိ ဘဝင်ညံ၊
နေ့စဉ်ပုံမှန် ကြားနေရ
မင်္ဂလာရှိပေစွ။

♦ ဘေးလည်းကင်းပ စိတ်ချမ်းသာ
ငါတို့ကွန်းခိုရာ၊
ပညာတတ်တွေမွေးကာထုတ်
ငါတို့ ကျောင်းပြယုဂ်။ ။



**ချစ်သက်(မြန်မာစာ)**

## ပန်းခူးကြမယ်

♦ ရနံ့ပျံ့မွှေး သင်းထုံထုံ
တောပန်းပွင့် ဖူးငုံ။

♦ တစ်ချို့တစ်ရုံ ပွင့်ခက်လှ
နွယ်ရစ်ရွက် စိမ်းမြ။

♦ ခူးကြချူကြ ပွေ့ပိုက်ယူ
ပန်းခူးကြ အတူ။

♦ ဘုရားကပ်လှူ အလှပန်း
ကုသိုလ်ကိုယ် ဆင်မြန်း၊

♦ ကြည်ရွှင်လန်းခဲ့ ဖြူသဒ္ဓါ
နေ့သစ် မင်္ဂလာ။

♦ ပန်းပွင့်ဝေဆာ ပန်းမွှေး
ပျံ့သင်း လေပြည်အေး။



**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ဗီယက်နမ်နိုင်ငံ ဒိန်ဘင်စီရင်စုတွင် ရေကြီးရေလျှံမှုကြောင့် လူ ၁၄ ဦး သေဆုံးပြီး ပျောက်ဆုံးနေသူအများအပြားရှိနေ



ဟန္နိုင်း ဩဂုတ် ၂

ဗီယက်နမ်နိုင်ငံဒိန်ဘင်စီရင်စုတွင် ဩဂုတ် ၁ ရက်မှ စတင်၍ ရေကြီးရေလျှံမှုဖြစ်ပွားကာ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူဒေသခံ ၁၄ ဦးရှိလာခဲ့ပြီဖြစ်သလို ပျောက်ဆုံးနေသူအများအပြားရှိနေကြောင်း ဒိန်ဘင်စီရင်စုအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သေဆုံးသူများတွင် အရွယ်မရောက်သေးသည့် ကလေးငယ်များလည်းပါဝင်နေပြီး ပျောက်ဆုံးနေသည့် ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများရှိနေပြီး ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့်ဧရိယာမှာ ရှာဒန်ကျေးလက်ဒေသနှင့် ဟန်ပူရှိကျေးလက်ဒေသတို့ဖြစ်ပြီး ဒေသခံအများစုမှာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြရသည်ဟု ဒိန်ဘင်စီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ဒိန်ဘင်စီရင်စုရဲ့ ကျေးလက်ဒေသအမြောက်အများ ရေလွှမ်းနေပါတယ်"ဟု ဒိန်ဘင်စီရင်စု အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဟန်ဂေရီအလယ်ပိုင်း မြေအောက်ရေခန်းခြောက်မှုကြောင့် တောင်သူများနှင့် မွေးမြူရေးသမားများ ရေအရင်းအမြစ်ရနိုင်မည့်နေရာသို့ ရွှေ့ပြောင်းရန်စီစဉ်နေ

ဘူဒါပတ် ဩဂုတ် ၂

ဟန်ဂေရီနိုင်ငံ အလယ်ပိုင်းတွင် မိုးခေါင်မှု ပြဿနာဖြင့် ကာလရှည်ရင်ဆိုင်ခဲ့ရပြီး မြေအောက်ရေ ခန်းခြောက်လာမှုတို့ကြောင့် တောင်သူများနှင့်မွေးမြူရေးသမားများသည် မြေဆီလွှာကောင်းမွန်ပြီး ရေအရင်းအမြစ်ရရှိနိုင်မည့်နေရာများသို့ရွှေ့ပြောင်းရန် စီစဉ်နေကြောင်း ဟန်ဂေရီအလယ်ပိုင်း တောင်သူများအသင်းက ထုတ်ပြန်သွားခဲ့သည်ဟုယနေ့သတင်းများတွင် ဖော်ပြထားသည်။

စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သည့် ဂျက်ဇန်လက်ဇလိုနယ်မြေမှ တောင်သူအများစုသည် နေရပ်ကိုစွန့်ခွာရန် ပြင်ဆင်နေကြခြင်းဖြစ်ကြောင်း၊ မကြာသေးမီက မိုးရွာသွန်းမှုများရှိခဲ့သော်လည်း ဟန်ဂေရီမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ထုတ်ပြန်ချက်အရ အလယ်ပိုင်းဒေသများတွင် မြေဆီလွှာခန်းခြောက်မှုနှုန်း ဆက်လက်မြင့်မားနိုင်ကြောင်းနှင့် မိုးခေါင်မှုပြဿနာဖြင့် ထပ်မံရင်ဆိုင်ရနိုင်ကြောင်း ဟန်ဂေရီအလယ်ပိုင်း တောင်သူများအသင်းက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"မိုးခေါင်မှုနဲ့ အပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ခက်ခဲသလိုပျားမွေးတဲ့ လုပ်ငန်းတွေမှာလဲ ရိုက်ခတ်မှုတွေရှိခဲ့တယ်။ ပျားမွေးတဲ့လုပ်ငန်းမှာဆိုရင် ရာသီဥတုလွန်ကဲမှုကြောင့် ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတာဟာ မနှစ်ကတည်းက ဖြစ်ပါတယ်။ မနှစ်ကတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပျားမွေးမြူရေးလုပ်ငန်းတွေမှာ ပျားကောင်ရေ ၃၀ ရာခိုင်နှုန်းလောက်ထိ သေဆုံးမှုတွေဖြစ်ပေါ်ခဲ့တယ်။ သေဆုံးရတဲ့ အကြောင်းရင်းကလဲ မိုးခေါင်မှုနဲ့ လေထုညစ်ညမ်းမှုတွေကြောင့် ဖြစ်ပါတယ်"ဟု ဟန်ဂေရီအလယ်ပိုင်း တောင်သူများအသင်းမှ ပြောရေးဆိုခွင့်ရှိသူ ခရစ်တီယန်ကစ်ဂျူဟက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဩစတြေးလျတွင် ရွှေ့ပြောင်းရေငှက်များ ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း သုတေသီများပြောကြား

ကင်ဘာရာ ဩဂုတ် ၂

ဩစတြေးလျနိုင်ငံရှိ ရွှေ့ပြောင်းရေငှက်များသည် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း ဩစတြေးလျနိုင်ငံ အမျိုးသားသိပ္ပံအေဂျင်စီမှ သုတေသီများက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

သုတေသီများသည် ရေငှက်မျိုးစိတ်လေးမျိုး၊ အကောင်အရေအတွက်အားဖြင့် ၂၀၀ ကျော်၏ ခန္ဓာကိုယ်တွင် ငှက်တစ်ကောင်အလေးချိန်၏ သုံးရာခိုင်နှုန်းခန့် အလေးချိန်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ဂြိုဟ်တုခြေရာခံကိရိယာများတပ်ဆင်၍ အဆိုပါရေငှက်များ၏ ခုနစ်နှစ်တာကာလ ပျံသန်းမှုများကို စုဆောင်းခဲ့ကြောင်း၊ စုဆောင်းရရှိမှုရလဒ်များကို ယနေ့တွင် ထုတ်ပြန်ခဲ့ရာ ထိုငှက်များသည် ရွှေ့ပြောင်းနေထိုင်မှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ၎င်းတို့၏ ဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် သာယာသော လေ၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုအခြေအနေများရှိရာ အရပ်ဒေသများဆီသို့ ကီလိုမီတာ ၁၅၀၀၀ ကျော် အချိန်အားဖြင့် ၃၈နာရီကြာ ပျံသန်းခရီးနှင်နေခြင်းကို တွေ့ရှိခဲ့ရကြောင်း ဩစတြေးလျနိုင်ငံ အမျိုးသားသိပ္ပံအေဂျင်စီမှ သုတေသီများက ပြောကြားခဲ့သည်။



ထိုသို့ ရေငှက်များခရီးဝေးကွာစွာ ရွှေ့ပြောင်းမှုပြုလုပ်ရခြင်းသည် မျိုးပွားရန် နေရာရှာဖွေခြင်း၊ အစာရေစာရှားပါးလာခြင်း၊ သစ်တောပြုန်းတီးမှုများနှင့် ရေကြီးရေလျှံမှုကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများက ၎င်းတို့၏ နေထိုင်ရာ၊ မျိုးပွားရာများကို ခြိမ်းခြောက်နေခြင်း စသောအကြောင်းတရားများကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ ရာသီဥတုဖောက်ပြန်မှုများကို လျော့ပါးအောင် မဆောင်ရွက်နိုင်ပါက ရွှေ့ပြောင်းရေငှက်များသည် မကြာမီနှစ်များအတွင်း ရှားပါး မျိုးသုဉ်းလာနိုင်သည်ဟု ဩစတြေးလျ သုတေသီများက ပြောကြားထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား အကျပ်အတည်းကိုဖြေရှင်းရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းကို ဖော်ဆောင်

ကဘူးလ် ဩဂုတ် ၂

အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား အကျပ်အတည်းကိုဖြေရှင်းရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်းသစ်တစ်ခုကို ဇူလိုင် ၃၁ ရက်က စတင်ဖော်ဆောင်နေပြီဖြစ်သည်ဟု အာဖဂန်နစ္စတန်နိုင်ငံ အာဏာပိုင်များက ဩဂုတ် ၁ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ လိုဂါပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၂၈ သန်းတန်ဖိုးရှိ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းကို ဇူလိုင် ၃၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး အဆိုပါစီမံကိန်းကို ၁၈ လအတွင်းပြီးစီးရန် မျှော်မှန်း ဆောက်လုပ်နေကာ အဆိုပါစီမံကိန်းရာနှုန်းပြည့်ပြီးစီးပါက အိမ်ထောင်စု ၄၀၀၀၀ ခန့်နှင့် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်မီး ကောင်းစွာပေးနိုင်မည်ဖြစ်သည်ဟု အာဖဂန်နစ္စတန်နိုင်ငံ အာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

"နိုင်ငံတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝမရရှိဘဲ မကြာခဏ လျှပ်စစ်ပြတ်တောက်မှုက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အဟန့်အတားပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအတွက် အရေးကြီးတဲ့ လျှပ်စစ်စွမ်းအင်ဖူလုံစွာရရှိဖို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ နေရောင်ခြည်စွမ်းအင်ကို အခြေခံကာ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းတွေကို ဖော်ဆောင်သွားမှာပါ"ဟု စီးပွားရေးဆိုင်ရာ လက်ထောက်ဝန်ကြီးချုပ် မူလာအဒူဂါနီဘာရဒါက ပြောကြားခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် မကြာခဏ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရပြီး ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် တာဂျစ်ကစ္စတန် အပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားအရင်းအမြစ်များအပေါ် မှီခိုနေရကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဆီရာလီယွန်နိုင်ငံတွင် သစ်တောပြုန်းတီးမှုနှုန်း မြင့်မားလာသောကြောင့် တာကူဂါမာချင်ပန်ဇီမျောက်စခန်းကို လာရောက်လည်ပတ်ခွင့် ယာယီပိတ်ပင်ထား

ဖရီးတောင်း ဩဂုတ် ၂

ဆီရာလီယွန်နိုင်ငံတွင် သစ်တော ပြုန်းတီးမှုနှုန်းမြင့်မားလာသောကြောင့် အနောက်အာဖရိက၏ အကြီးမားဆုံးသော တာကူဂါမာချင်ပန်ဇီမျောက်စခန်းကို ပြည်တွင်း၊ ပြည်ပခရီးသည်များ လာရောက်လည်ပတ်မှုကို ယာယီတားမြစ်ပိတ်ပင်ထားကြောင်း ဆီရာလီယွန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်လိုက်သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ပြည်တွင်း၊ ပြည်ပ ခရီးသည်များ နှစ်စဉ်လာရောက်လည်ပတ်မှုနှုန်းမြင့်မားသည့် စခန်းဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းဆောင်ရွက်လိုသူများသည် အဆိုပါစခန်းအနီး ပတ်ဝန်းကျင်သို့ ရွှေ့ပြောင်းလာမှုနှုန်း မြင့်မားလာကြောင်း၊ ရွှေ့ပြောင်းလာသူတချို့မှာ တရားမဝင်သစ်ခိုးထုတ်ခြင်း၊ တရားမဝင်နယ်မြေကျူးကျော်လာခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှု ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

"တာကူဂါမာချန်ပန်ဇီမျောက်စခန်းအနီးကို ရွှေ့ပြောင်းလာသူတွေ နယ်မြေကျူးကျော်သူတွေ များပြားလာတယ်။ တချို့သူတွေက သစ်ခိုးထုတ်မှုတွေပါ လုပ်လာကြတယ်။ မျောက်စခန်းကို လာရောက်လည်ပတ်တဲ့ ပြည်တွင်း၊ ပြည်ပ ခရီးသည်တွေကို အမှီပြုပြီး စီးပွားရေးလုပ်တာကို အတိုင်းအတာတစ်ခုထိ လက်ခံပေးနိုင်ပေမဲ့လဲ တချို့သူတွေရဲ့ လုပ်ရပ်ဟာ သစ်တောပြုန်းတီးမှုတွေကိုဖြစ်ပေါ်လာစေနိုင်ပါတယ်။ ဒါကြောင့် ပြည်တွင်း၊ ပြည်ပကနေ လာရောက် လည်ပတ်သူတွေကို ယာယီတားမြစ်ဖို့ ဆုံးဖြတ်လိုက်တာပါ" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အမရာစီကာရန်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat



# Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်** ၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၇၂၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၇၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀


## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELCကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းထိုက်၏သမီး မမေသဒ္ဒါချို၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မမေသဒ္ဒါချိုဖြစ်ပါကြောင်း။ **မမေသဒ္ဒါချို**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)နေ ပြုံးမောင်မောင် (ဘ) ဦးလောလု(၁၃/နခတ(နိုင်)၁၁၆၇၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-814183)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-256696956**

## ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၄)နေ မောင်စိုင်းကျော်ခမ်း (ဘ) ဦးပီကွမ်း(၁၃/တယန(နိုင်)၀၆၀၀၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-764486628**

## အသုံးပြုနေဆဲ သစ်စက်အပိုပစ္စည်းများ ရောင်းရန်ရှိသည်

ဆက်သွယ်ရန် ၀၉-၄၃၁၀၂၈၇၆

| စဉ် | စက်အမည် |
|---|---|
| 1 | 42" Band Saw (With Carriage) |
| 2 | 36" Band Saw |
| 3 | Rip Saw |
| 4 | Radial Arm Saw |
| 5 | Two Side Planer |
| 6 | One Side Planer |
| 7 | Double End |
| 8 | Moulding Machine |
| 9 | 20' KD Container |
| 10 | Sawyer |
| 11 | Finger Joint Set |
| 12 | Diesel Generator(220-KVA/100-KVA) |

## သင်္ချာအထူးသင်တန်း

**ဦးညီခင်**

B.C.Tech (Hons:), M.C.Tech (Thesis) UCSM

**အစုံးရသင်ရိုး**

(Grade-10,11,12)

- ✓ ပြဌာန်းသင်ရိုး
- ✓ မေးခွန်းဟောင်းများ
- ✓ ဉာဏ်စမ်းမေးခွန်းများ

**International Curriculum**

(Primary-1 to Secondary-3)

- ✓ Singapore Maths
- ✓ Cambridge Maths

Think Deeper. Solve Smarter.

**09-2058657**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed-back Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက် ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ် ကြိုဆိုလျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားဖြင့် ပြည်သူများနှင့်အတူ လိုက်ပါစီးနင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ဖော်ထုတ်ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်းဖော်ထုတ်ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ယနေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံ ရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင် များလိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်းရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရေးဆောင် ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း နေပြည်တော်မှ တောင်ငူမြို့သို့ ထွက်ခွာခဲ့ကြပြီး လမ်းဘေးဝဲယာ တစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက် ထားရှိမှုနှင့် လူနေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

### တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိမှု

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆


နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ ဆောင်းပါး စာမျက်နှာ- ၂၁

နောင်ချိုမြို့၌ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် စာမျက်နှာ- ၂၀

ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာမတစ်ဦး သေဆုံး စာမျက်နှာ- ၂၄



